FPB
First Private Bank

ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

No. 619~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786
FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm
e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏
ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(Constitution)(မူကြမ်း)ကို တင်ပြခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ ၂၀၁၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ၂၀၁၆ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ဘဏ်နှင့်ဆက်စပ်သောဥပဒေများနှင့်အညီ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(Constitution)(မူကြမ်း)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြင်ဆင်ဖြည့်စွက်သည့်အတိုင်း ပြင်ဆင်ပြီး ပထမပုဂ္ဂလိဘဏ်လီမိတက်၏ (၁၇.၁၂.၂၀၂၃)ရက်နေ့တွင် ကျင်းပမည့် (၁၂)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးပွဲတွင် အစုရှယ်ယာရှင်များအားတင်ပြ၍ အတည်ပြုချက်ရယူမည် ဖြစ်ပါသောကြောင့် အစုရှယ်ယာရှင်များမှ ကြိုတင်ဖတ်ရှုနိုင်ရန်အတွက် တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(Constitution)

(မူကြမ်း)

၄.၁၂.၂၀၂၃

မာတိကာ

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁။	အခန်း(၁)	အဓိပ္ပါယ်ဖော်ပြချက်	၁
၂။	အခန်း(၂)	နိဒါန်းအချက်အလက်များ	၅
၃။	အခန်း(၃)	အစုရှယ်ယာမတည်ငွေရင်း	၇
၄။	အခန်း(၄)	အစုရှယ်ယာလက်မှတ်များ	၁၀
၅။	အခန်း(၅)	လွှဲပြောင်းပေးခြင်း	၁၁
၆။	အခန်း(၆)	အစုရှယ်ယာများ တစ်ဆင့်လွှဲပြောင်းခြင်း	၁၄
၇။	အခန်း(၇)	မတည်ငွေရင်း ပြောင်းလဲပြင်ဆင်ခြင်း အစုရှယ်ယာလွှဲပြောင်းပေးခြင်း	၁၄
၈။	အခန်း(၈)	အခွင့်အရေးနှင့်ကန့်သတ်မှုများကို ပြောင်းလဲခြင်းနှင့်ပယ်ဖျက်ခြင်း	၁၅
၉။	အခန်း(၉)	အထွေထွေအစည်းအဝေးများ	၁၆
၁၀။	အခန်း(၁၀)	အထွေထွေအစည်းအဝေးတွင်ဆောင်ရွက်ချက်များ	၁၈
၁၁။	အခန်း(၁၁)	မဲပေးခြင်း	၂၂
၁၂။	အခန်း(၁၂)	ကိုယ်စားလှယ်များ	၂၆
၁၃။	အခန်း(၁၃)	ဘုတ်အဖွဲ့	၂၇
၁၄။	အခန်း(၁၄)	ဒါရိုက်တာခန့်အပ်ခြင်း ပဋိညာဉ်စာချုပ်	၃၆
၁၅။	အခန်း(၁၅)	ဘုတ်အဖွဲ့၏ အခွင့်အာဏာများ	၃၇
၁၆။	အခန်း(၁၆)	ဘုတ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခြင်း	၃၉
၁၇။	အခန်း(၁၇)	အတွင်းရေးမှူး	၄၃
၁၈။	အခန်း(၁၈)	ရုံးတံဆိပ်တုံး	၄၃
၁၉။	အခန်း(၁၉)	ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်း	၄၃
၂၀။	အခန်း(၂၀)	အမြတ်ဝေစုများနှင့် အခြားခွဲဝေခြင်းများ	၄၆
၂၁။	အခန်း(၂၁)	သီးသန့်ငွေများ	၄၉
၂၂။	အခန်း(၂၂)	ဖျက်သိမ်းခြင်း	၄၉
၂၃။	အခန်း(၂၃)	ထိန်းသိမ်းထားရှိရမည့်အစည်းအဝေးမှတ်တမ်းနှင့်မှတ်ပုံတင်စာရင်းများ	၅၁
၂၄။	အခန်း(၂၄)	မှတ်တမ်းမှတ်ရာများကို ကြည့်ရှုစစ်ဆေးခြင်း	၅၂
၂၅။	အခန်း(၂၅)	ဘဏ်က အကြောင်းကြားခြင်း	၅၂
၂၆။	အခန်း(၂၆)	ထုတ်ဖော်ပြစေခြင်း	၅၄
၂၇။	အခန်း(၂၇)	လျှို့ဝှက်ထားရန် ကတိပြုကြေညာချက်	၅၅
၂၈။	အခန်း(၂၈)	လျော်ကြေး	၅၅
၂၉။	အခန်း(၂၉)	အထွေထွေ	၅၅

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ
အစုရှယ်ယာများဖြင့် ပေးရန်တာဝန်များကန့်သတ်ထားသည့်
ပထမပုဂ္ဂလိကဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏
ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

အခန်း(၁)

အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အခြားနည်းလိုအပ်ခြင်းမရှိက၊ အပိုဒ် (၂) ကို လိုက်နာလျက် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရမည်-

(က) **"ရုံး"** ဆိုသည်မှာ ဘဏ်၏ မှတ်ပုံတင်ရုံးခန်းကို ဆိုလိုသည်။

(ခ) ဘဏ်ဆိုသည်မှာ "ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်" ကို ဆိုလို သည်။

(ဂ) **"အစုရှယ်ယာ"** ဆိုသည်မှာ ဘဏ်၏ အစုရှယ်ယာ မတည်ငွေရင်းရှိ အစုရှယ်ယာများကို ဆိုလိုသည်။

(ဃ) **"ဘဏ်တွင်ပါဝင်သူအစုရှင်"** ဆိုသည်မှာ ဘဏ်၏ မှတ်ပုံတင်စာအုပ်တွင် အစုရှယ်ယာတစ်စု သို့မဟုတ် အစုရှယ်ယာအများ၏ ပိုင်ရှင်အဖြစ် ပါဝင်သူတစ်ဦးကို ဆိုလိုသည်။

(င) **"မှတ်ပုံတင်စာရင်း"** ဆိုသည်မှာ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ပြုလုပ်ထိန်း သိမ်းရန်လိုအပ်သော ဘဏ်တွင်ပါဝင်သူအစုရှင်များ၏ မှတ်ပုံတင်စာရင်းကို ဆိုလိုသည်။

(စ) **"ဘုတ်အဖွဲ့"** ဆိုသည်မှာ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် တည်ဆဲ ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ စနစ်တကျဖွဲ့စည်းထားသော ဘဏ်၏ ဒါရိုက်တာ **"ဘုတ်အဖွဲ့"** ကိုဆိုလိုသည်။

(ဆ) **"ကိုယ်စားပြုပုဂ္ဂိုလ်"** ဆိုသည်မှာ ကုမ္ပဏီ/ကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခု၏ ကိုယ်စား လှယ်အဖြစ် ဥပဒေအရ ခန့်အပ်သော လူပုဂ္ဂိုလ်တစ်ဦးကို ဆိုလိုသည်။

(ဇ) **"ဒါရိုက်တာ"** ဆိုသည်မှာ ဘုတ်အဖွဲ့တွင် တည်ဆဲဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ဒါရိုက်တာအဖြစ် ခန့်အပ်ထားခြင်းခံရပြီး အနည်းဆုံး

အစုရှယ်ယာပိုင်ဆိုင်မှု အရည်အချင်းပြည့်မီသူ သို့မဟုတ် အရည်အချင်းပြည့်မီသူအား ကိုယ်စားပြုသူ ဒါရိုက်တာများကို ဆိုလိုသည်။

(စျ) **"အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သောဒါရိုက်တာ"** ဆိုသည်မှာ ဘဏ်နှင့်ဆက်နွယ်ပတ်သက်နေသောသူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အလို့ငှာ ဘုတ်အဖွဲ့မှ အဆိုပြု၍ ဘဏ်တွင် ပါဝင်သူ အစုရှင်များက အတည်ပြုခန့်အပ်ပြီး ၂၀၁၆ ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် ဆက်နွယ်သူ မဟုတ်သော ဘဏ်၏ မဲပေးပိုင်ခွင့်ရှိသည့်အစုရှယ်ယာ ၅ ရာခိုင် နှုန်းအောက် ပိုင်ဆိုင်သူ သို့မဟုတ် အစုရှယ်ယာ ပိုင်ဆိုင်မှု မလိုအပ်သော လွတ်လပ်စွာဆောင်ရွက်နိုင်သည့် ဒါရိုက်တာများကိုဆိုလိုသည်။

ၚင်းတို့သည်အခြားဒါရိုက်တာများနည်းတူတာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များရှိစေရမည်။

(ည) **"အမှုဆောင်ဒါရိုက်တာ"** ဆိုသည်မှာ အထက်ပိုဒ် (ဇ) ပါ ဒါရိုက်တာများအနက်မှ ဘဏ်၏ လုပ်ငန်းကိစ္စအဝဝတွင် တိုက်ရိုက်စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်သည့် ဒါရိုက်တာကို ဆိုလိုသည်။

(ဋ္ဌ) "**အမှုဆောင်မဟုတ်သောဒါရိုက်တာ**" ဆိုသည်မှာ အထက်ပိုဒ်(ဇ)ပါ ဒါရိုက်တာများအနက်မှ ဘဏ်၏ လုပ်ငန်းကိစ္စအဝဝတွင် တိုက်ရိုက်စီမံခန့်ခွဲမှုကိုတာဝန်ယူဆောင်ရွက်ခြင်းမပြုသည့် ဒါရိုက်တာကိုဆိုလိုသည်။

(ဌ) **"အတွင်းရေးမှူး"** ဆိုသည်မှာ ဘုတ်အဖွဲ့က ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ အတွင်းရေးမှူးတာဝန်များကို ဆောင်ရွက်စေရန် ဒါရိုက်တာအဖွဲ့ဝင်အနက်မှ ဖြစ်စေ၊ ဒါရိုက်တာ မဟုတ်သူကိုဖြစ်စေ ခန့်အပ်ထားသူ တစ်ဦးဦးကို ဆိုလိုသည်။

(ဍ) **"ဥက္ကဋ္ဌ"** ဆိုသည်မှာ ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရသူကို ဆိုလိုသည်။

(ဎ) "**အမှုဆောင်အရာရှိချုပ်**" ဆိုသည်မှာ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူကို ဆိုလိုသည်။ ဤစကားရပ်တွင် ဘဏ်တွင် တိုက်ရိုက်ခန့်ထားခြင်းခံရသူဖြစ်စေ၊ ဘဏ်အတွက် ခေတ္တဆောင်ရွက်သူဖြစ်စေ၊ ဘဏ်၏အစီအစဉ်ဖြင့် ဆောင်ရွက်သူဖြစ်စေ အကျုံးဝင်သည်။

(ဏ) **"မတည်ရင်းနှီးငွေ"** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကသတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုအချိုးလိုအပ်ချက်ကို ပြည့်မီစေရန် ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေနှင့် ဘဏ်၏ အရှုံးပေါ်မှုများကို နှုတ်ပယ်ပြီးနောက် အများပြည်သူသို့ ကြေညာသည့် သီးသန့်ရန်ပုံငွေနှင့် ထည့်ဝင်သည့်မတည်ငွေရင်း နှစ်ရပ်ပေါင်းကိုဆိုလိုသည်။

(တ) "**ဥပဒေ**" ဆိုသည်မှာ အခါအားလျော်စွာ ပြင်ဆင်ထားသည့်အတိုင်း အကျိုးသက်ရောက်မှု ရှိသော ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် ၂၀၁၆ ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေတို့ကို ဆိုလိုသည်။ ထို့အပြင် ဘဏ်နှင့်ဆက်စပ်သော ဥပဒေများလည်း အကျုံးဝင်သည်။

(ထ) **"အထွေထွေအစည်းအဝေး"** ဆိုသည်မှာ ဘဏ်၏ အထွေထွေအစည်းအဝေးကို ဆိုလိုသည်။

(ဒ) **"ဆုံးဖြတ်ချက်"** ဆိုသည်မှာ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ဆိုလိုပြီး ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်၊ သာမန်ဆုံးဖြတ်ချက်နှင့် အထူးဆုံးဖြတ်ချက်တို့လည်း အကျုံးဝင်သည်။

(ဓ) **"သာမန်ဆုံးဖြတ်ချက်"** ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး၊ ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုထားသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ၊ မဲပေးပိုင်ခွင့်ရှိသော ဘဏ်တွင်ပါဝင်သူအစုရှင်များ၏ မဲအများစုဖြင့် ချမှတ်သည့် ဆုံးဖြတ်ချက်ကို ဆိုလိုသည်။

(န) **"အထူးဆုံးဖြတ်ချက်"** ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ၊ မဲပေးခွင့်ရှိသော ဘဏ်တွင်ပါဝင်သူအစုရှင်များ၏ လေးပုံသုံးပုံထက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို ဆိုလိုသည်။

(ပ) **"မဲခွဲဆုံးဖြတ်ခြင်း"** ဆိုသည်မှာ ဘဏ်တွင်ပါဝင်သူအစုရှင်တစ်ဦးစီက ၎င်းတို့ ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အရ ဆန္ဒမဲပေးခြင်းကို ဆိုလိုသည်။

(ဖ) **"လက်ပြမဲပေးခြင်း"** ဆိုသည်မှာ ဘဏ်တွင်ပါဝင်သူအစုရှင်တစ်ဦးစီက လက်ပြ၍ ဆန္ဒမဲပေးခြင်းကို ဆိုလိုသည်။

(ဗ) **"ခွဲဝေပေးခြင်း"** ဆိုသည်မှာ မတည်ငွေ ပြန်လည်ပေးအပ်သည့်ငွေ၊ ဆုကြေးငွေအဖြစ် ထုတ်ပေးသည့် အစုရှယ်ယာ၊ ပြန်လည်ဝယ်ယူသည့် အစုရှယ်ယာအတွက် ပေးရန်ငွေနှင့် အခြားဝင်ငွေများ သို့မဟုတ် မတည်ငွေခွဲဝေခြင်းတို့ ပါဝင်ပါသည်။

(ဘ) **"ရပိုင်ခွင့်ရှိသောငွေ"** ဆိုသည်မှာ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်၃၄(က)တွင် ဖော်ပြထားသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်သည်။

(မ) **"အကြွေးတင်ရှိနေသောငွေကြေး"** ဆိုသည်မှာ ဘဏ်သည် အစုရှယ်ယာတစ်ခုကို ရောင်းချခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲ အသုံးချခြင်းပြုရာတွင် ပေးချေရမည့် ပိုင်ဆိုင်ခွင့်ရှိသောငွေ သို့မဟုတ် သိမ်းယူသည့် အစုရှယ်ယာနှင့် စပ်လျဉ်း၍ ပါဝင်သူ အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်း တင်သွင်းထားသူမှ မပေးချေရသေးသည့် ငွေပမာဏကို ဆိုလိုသည်။

(ယ) **"ရုံးတံဆိပ်"** ဆိုသည်မှာ ဘဏ်၏ ရုံးတံဆိပ်ကို ဆိုလိုသည်။

(ရ) **"အမြတ်ဝေစု"** ဆိုသည့်စကားရပ်တွင် ငွေသားအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက် (၄/၂၀၁၈) အရဆုကြေးရှယ်ယာထုတ်ပေးသည့် နည်းလမ်းလည်းပါဝင်သည်။

(လ) **"ဘဏ်၏ အလားအလာညွှန်းတမ်း"** ဆိုသည်မှာ ဘဏ်၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ပေးချေဝယ်ယူရန် အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် ဘဏ်၏ အလားအလာဖေါ်ပြချက် သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြားဖိတ်ခေါ်ချက် တစ်ရပ်ရပ်ကို ဆိုလိုသည်။

(ဝ) **"အများပြည်သူသို့ဖိတ်ခေါ်ခြင်း"** ဆိုသည်မှာ အများပြည်သူသို့ အစုရှယ်ယာများ ဝယ်ယူရန်ဖိတ်ခေါ်ရာတွင် လက်ရှိ ဘဏ်တွင်ပါဝင်သူ အစုရှင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပတ်သက်ဆက်နွယ်သူများကိုသာ အခွင့်အရေးတစ်ရပ်ရပ် ကမ်းလှမ်း ခြင်းမျိုးမဟုတ်ဘဲ အများပြည်သူအား ဖိတ်ခေါ်ခြင်းကို ဆိုလိုသည်။

(သ) **"အစုရှယ်ယာအပေါ် ပိုင်ဆိုင်ခွင့်ရှိသောငွေ"** ဆိုသည်မှာအစုရှယ်ယာပေါ် အပြည့်ပေးသွင်းရန် အချိန်စေ့ရောက်၍ လတ်တလောပေးချေရန်ကျန်ရှိသော ငွေပမာဏကိုဆိုလိုသည်။

ကုမ္ပဏီများဥပဒေအဓိပ္ပါယ်ဖွင့်ဆိုချက်များ

၂။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် အခြားနည်းဖြင့် ဖော်ပြထားခြင်း မှတစ်ပါး ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အနက်ဖွင့်ဆိုထားပါက ထိုသို့အဓိပ္ပါယ် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အတူ ၂၀၁၈ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကို အလေးဂရုမူရန်ဖြစ်ပါသည်။

ဥပဒေနှင့်ညီညွတ်ရန်လိုအပ်သော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၃။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဥပဒေနှင့် ညီညွတ်ရမည်။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စာပိုဒ် တစ်ရပ်ရပ်သည် ဥပဒေနှင့် ကွဲလွဲခြင်း သို့မဟုတ် ညီညွတ်မှုမရှိခြင်းတို့ ပေါ်ပေါက်ပါက ယင်းသို့

ကွဲလွဲခြင်း သို့မဟုတ် ညီညွတ်မှုမရှိခြင်းကို ဥပဒေအရ ခွင့်ပြုထားသည့် အတိုင်းအတာအထိမှလွဲ၍ ယင်းကွဲလွဲခြင်း၊ မညီညွတ်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေက လွှမ်းမိုးသည်။

အခန်း(၂)

နိဒါန်းအချက်အလက်များ

၄။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဖြစ်သည်။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၁၁(က)နှင့်အညီ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များအရ ဘဏ်နှင့် ဘဏ်တွင်ပါဝင်သူအစုရှင်များသည် ၎င်းတို့တစ်ဦးစီက အသီးသီးပါဝင်လက်မှတ်ရေးထိုးကြသကဲ့သို့ ၎င်းတို့အပေါ်တွင် စည်းနှောင်မှုရှိပြီး၊ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

၅။ ဘဏ်သည် အစုရှယ်ယာအားဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပြီး ဘဏ်တွင်ပါဝင်သူ (အစုရှင်) များသည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ၎င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာများတွင် မပေးချေရသေးသော ပမာဏအတိုင်းအတာအထိသာ ပေးရန်တာဝန်ရှိသည်ဟု ကန့်သတ်သည်။

၆။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဘဏ်တွင် သာမာန်အစုရှယ်ယာ တစ်မျိုးတစ်စား တည်းကိုသာ ထားရှိပါသည်။ နောင်တွင် ဘဏ်သည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ အခြားအစုရှယ်ယာအမျိုးအစားများကိုလည်း ထုတ်ဝေနိုင်ပါသည်။

၇။ ဘဏ်၏ အစုရှယ်ယာများအတွက် သတ်မှတ်ထားသည့်ငွေကြေးမှာ မြန်မာကျပ်ဖြစ်ပါသည်။

၈။ ဘဏ်တွင်ပါဝင်သူ မည်သည့်အစုရှင်မဆို အစုရှယ်ယာတစ်ခုအောက် လျော့နည်း၍ အစုရှယ်ယာပိုင်ဆိုင်ခွင့်မပြုပါ။

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အခါအားလျော်စွာ ထုတ်ပြန်သော ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များ၊၂၀၁၆ခုနှစ်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ခေတ်နှင့် အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာခွင့်ပြုသည့် ငွေရေးကြေးရေး လုပ်ငန်း များကို ဗဟိုဘဏ်မှ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ ဘဏ်သည် မည်သည့်အချိန်အခါတွင်မဆို ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် နိုင်ငံခြားကုမ္ပဏီအဖြစ် ပြောင်းလဲခြင်းမရှိစေရန်အတွက် ဘဏ်တွင်ပါဝင်သူ အစုရှင်များအား အစုရှယ်ယာရောင်းချရာတွင်ဖြစ်စေ၊ စတော့အိပ်ချိန်းတွင် အစုရှယ်ယာ လွှဲပြောင်းရာတွင်ဖြစ်စေ၊ အထူးဂရုပြုရမည်။ နိုင်ငံခြားသားအစုရှယ်ယာရှင်များ၏ အစုရှယ်ယာ ပိုင်ဆိုင်ခွင့်ကို

ဘဏ်၏ ထုတ်ဝေထားသော အစုရှယ်ယာအားလုံး၏ ၃၅ ရာခိုင်နှုန်းအထိ သို့မဟုတ် တည်ဆဲဥပဒေမှ မြန်မာကုမ္ပဏီအဖြစ်ခွင့်ပြုသည့်ရာခိုင်နှုန်းအတိုင်းဖြစ်စေရမည်။

၁၁။ ဘဏ်၏ မှတ်ပုံတင်ထားသောရုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တည်ရှိသည်။

၁၂။ ဘဏ်တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ -

(က) အပ်နှံငွေလက်ခံခြင်းလုပ်ငန်း၊

(ခ) ချေးငွေထုတ်ချေးခြင်းလုပ်ငန်း၊

(ဂ) အင်္ဂါးချသည့်လုပ်ငန်း၊

(ဃ) ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်း၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

(စ) ချေးငွေတိုကင်လုပ်ငန်း၊

(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်း၊

(ဇ) အကြွေးဝယ်ကတ်၊ ခရီးသွားချက်လက်မှတ်နှင့် ဘဏ်ငွေလွှဲလက်မှတ်(ငွေပေးအဓိန့်လက်မှတ်) အစရှိသည့် ငွေပေးချေမှုစာချုပ်စာတမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊

(ဈ) အာမခံများနှင့် တာဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ည) မိမိ၏ ကိုယ်ပိုင်ငွေစာရင်းအတွက်ဖြစ်စေ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းအတွက်ဖြစ်စေ၊ ချက်လက်မှတ်၊ ငွေတောင်းခံလွှာများနှင့် အပ်နှံငွေသက်သေခံလက်မှတ်များ၊ နိုင်ငံခြားသုံးငွေလဲလှယ်ရေး၊ ငွေကြေး ကြိုတင်ရောင်းချခြင်းနှင့် လက်ငင်းရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေး လုပ်ငန်းများ၊ ပေါက်စျေးဖြင့် အတိုးနှုန်းဆိုင်ရာ စာချုပ်စာတမ်းများ၊ စာချုပ်စာတမ်းများနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အစရှိသည့် ငွေကြေးစျေးကွက် စာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း၊

(ဋ) စီးပွားရေးလုပ်ငန်းကြီးများကို အကြံဉာဏ်ပေးခြင်းလုပ်ငန်း၊

(ဌ) ငွေကြေးပွဲစားလုပ်ငန်း၊

(ဍ) ရင်းနှီးမြှုပ်နှံမှုအစုအဝေးစီမံခန့်ခွဲမှုနှင့် အကြံပေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်း၊

(ဎ) ယုံကြည်အပ်နှံမှု ဝန်ဆောင်မှုလုပ်ငန်း၊

(ဏ) ချေးငွေထုတ်ချေးရန် ထိုက်တန်သူရည်ညွှန်းပေးသည့် ချေးငွေသတင်းအချက်အလက် အထောက်အကူပြုလုပ်ငန်း၊

(တ) အီလက်ထရောနစ်နည်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်း၊

(ထ) မိုဘိုင်းဘဏ်လုပ်ငန်း၊

(ဒ) အပ်နှံမှုလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊

(ဓ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

(န) အပေါင်လက်ခံ၍ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

(ပ) ဗဟိုဘဏ်သတ်မှတ်သည့် အခြားဘဏ်လုပ်ငန်းများ။

အခန်း (၃)

အစုရှယ်ယာမတည်ငွေရင်း

အစုရှယ်ယာများနှင့် အခြားသောငွေချေးသက်သေခံလက်မှတ်များ

၁၃။ ဘဏ်မှထုတ်ဝေထားသည့် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များသည် ဘဏ်တွင်ပါဝင်သူအစုရှင်တစ်ဦးဦး၏ သို့မဟုတ် အခြားပိုင်ဆိုင်သူတစ်ဦးဦး၏ လက်ဝယ်ထားရှိစဉ် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဖြစ်စေရမည်။

၁၄။ အစုရှယ်ယာများထုတ်ဝေခြင်းနှင့် ခွဲဝေခြင်း

(က) ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ကိုလိုက်နာလျက် ဗဟိုဘဏ်၏ခွင့်ပြုချက်ရယူ၍ ဘဏ်၏ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို မည်သည့်အချိန်တွင်မဆိုဘဏ်၏ဘုတ်အဖွဲ့ဝင်များကသင့်သည်ဟုထင်မြင်သော စည်းကမ်းချက် များ အားသတ်မှတ်၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ဝေရောင်းချနိုင်သည်။

(ခ) အစုရှယ်ယာများကို အပြည့်အဝပေးချေခြင်းဖြင့်သာ ထုတ်ဝေနိုင်သည်။

(ဂ) ဘဏ်၏ဘုတ်အဖွဲ့သည် ဘဏ်၏မတည်ငွေရင်းကို အစုရှယ်ယာများ ထပ်မံထုတ်ဝေရောင်းချခြင်းဖြင့် တိုးမြှင့်ရန်ဆုံးဖြတ်သည့်အခါ ဘဏ်တွင်ပါဝင်သူ အစုရှင်တစ်ဦးစီက ပိုင်ဆိုင်ထားသည့် လက်ရှိအစုရှယ်ယာ အချိုးအစားအားဖြင့် မည်သည့်အစုရှယ်ယာအမျိုးအစားဖြစ်စေ၊ အဆိုပါ အစုရှယ်ယာများကို ၎င်းတို့မှ ဝယ်ယူရန်ကမ်းလှမ်းနိုင်သည်။

ဘဏ်သည် ဦးစားပေးအစုရှယ်ယာများထုတ်ဝေနိုင်ခြင်း

၁၅။ ဥပဒေကိုလိုက်နာ၍ အပိုဒ်-၁၀ အရ ကန့်သတ်ခြင်းမရှိဘဲ ဒါရိုက်တာများဆုံးဖြတ်သည့် စည်းကမ်းချက်များနှင့်အညီ ဘဏ်သည် ဦးစားပေး အစုရှယ်ယာများကို ထုတ်ဝေပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ရယူ၍ ထုတ်ဝေနိုင်သည်။ ဦးစားပေး အစုရှယ်ယာများကို ဘဏ်ကဖြစ်စေ၊ အစုရှယ်ယာပိုင်ရှင်ကဖြစ်စေ၊ နှစ်ဦးစလုံးကဖြစ်စေ၊ မိမိတို့ ရွေးချယ်သည့်အတိုင်း ပြန်လည်ရွေးနှုတ်ခြင်း သို့မဟုတ် သာမန်အစုရှယ်ယာအဖြစ်သို့ ပြောင်းလဲခြင်း ပြုလုပ်နိုင်သည်။

အစုရှယ်ယာများအတွက် လျှောက်ထားခြင်း။

၁၆။ ပုဂ္ဂိုလ်တစ်ဦးက ကိုယ်တိုင်အတွက်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ အစုရှယ်ယာများ လျှောက်ထားလာသည်ကို ဘဏ်ကလက်ခံရရှိပါက ဘဏ်သည် ယင်းသို့ လျှောက်ထားချက်အရ ပုဂ္ဂိုလ်တစ်ဦးကို အစုရှယ်ယာခွဲဝေပေးရာတွင်ထိုလျှောက်ထားချက်သည်အောက်ပါအတိုင်းဖြစ်သည်ဟုမှတ်ယူရမည်-

(က) အစုရှယ်ယာများကို လက်ခံရရှိမည့်သူသည် ခွဲဝေပေးမည့် အစုရှယ်ယာပါ စည်းကမ်းချက်များကိုလိုက်နာရန် သဘောတူညီ၍ လက်ခံကြောင်း။

(ခ) အစုရှယ်ယာများကို လက်ခံရရှိမည့်သူသည် ယင်း၏အမည်ကို အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းရန် တောင်းဆိုကြောင်း။

(ဂ) အစုရှယ်ယာများကို လက်ခံရရှိမည့်သူသည် ဘဏ်တွင် ပါဝင်သူတစ်ဦးဖြစ်ရန် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာမည်ဖြစ်ကြောင်း။

ပူးတွဲအစုရှင်များ

၁၇။ အစုရှယ်ယာတစ်ခုခုကို ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာရင်းသွင်းထားသော နှစ်ဦးထက်ပို သောသူများသည် ပူးတွဲအစုရှယ်ယာရှင်များအဖြစ် အဆိုပါ အစုရှယ်ယာများကို ပိုင်ဆိုင်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ၄င်းတို့သည် အောက်တွင်ဖော်ပြသော ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ကြောင်း။

(က) ပူးတွဲအစုရှယ်ယာရှင်များသည် အစုရှယ်ယာအတွက် သို့မဟုတ် အစုရှယ်ယာနှင့် စပ်လျဉ်း၍ ပေးရန်လိုအပ်သော ငွေပေးချေခြင်း (တောင်းဆိုသည့်အခါ ပေးရန်ရှိ ပမာဏအပါအဝင်) ကို ပူးတွဲလျက် သော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း၊ ပေးချေရန် တာဝန်ရှိသည်။

(ခ) ပူးတွဲအစုရှယ်ယာရှင်တစ်ဦး သေဆုံးပါက၊ အသက်ရှင်ကျန်သူ သို့မဟုတ် အသက်ရှင်ကျန်သူများသည်သာ အစုရှယ်ယာကို ဆိုင်ရာ ဆိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ ဘဏ်က အသိအမှတ်ပြုနိုင်သည်။သို့သော်သေဆုံးကြောင်း သက်သေခံအထောက်အထားကိုဘုတ်အဖွဲ့က တင်ပြရန် တောင်းဆိုနိုင်သည်။

(ဂ) ပူးတွဲအစုရှယ်ယာရှင်တစ်ဦးဦးသည် အခြား ပူးတွဲအစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများနှင့် အခြား ခွဲဝေပေးခြင်းများ လက်ခံရရှိကြောင်း၊ တရားဝင်ပြေစာကို ပေးအပ်နိုင်သည်။

(ဃ) ပူးတွဲအစုရှယ်ယာရှင် တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးခြင်း၊ အစီရင်ခံစာပေးခြင်း၊ ငွေစာရင်းရှင်းခြင်း၊ အစုရှယ်ယာလက်မှတ်ပေးအပ်ခြင်းသည် ပူးတွဲ အစုရှယ်ယာရှင် အားလုံးသို့ ပေးပို့ပြီးဖြစ်သကဲ့သို့ ဖြစ်စေရမည်နှင့်။

(င) ပူးတွဲအစုရှယ်ယာရှင်များသည် ဘဏ်တွင် ပါဝင်သူတစ်ဦးအဖြစ်သာ မှတ်ယူရမည်။

အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ယုံကြည်အပ်နှံခြင်းများနှင့် အခြားအကျိုးခံစားခွင့်များကို အသိအမှတ်ပြုခြင်း။

၁၈။ ဥပဒေကိုလိုက်နာလျက် ဘဏ်သည် မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်အား ထိုအစုရှယ်ယာကို အပြီးအပြတ်ပိုင်ဆိုင်သူအဖြစ် သတ်မှတ်ဆက်ဆံ ဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ ဘဏ်သည် (သိရှိပြီးဖြစ်စေ၊ မသိရှိရသေးသည်ဖြစ်စေ) အောက်ဖော်ပြချက်များကို အသိအမှတ်ပြုရန်မလိုပါ-

(က) လူတစ်ယောက်အား ယုံကြည်အပ်နှံမှုဖြင့် အစုရှယ်ယာ လက်ရှိဖြစ်သူဖြစ်ကြောင်း။ သို့မဟုတ်

(ခ) အစုရှယ်ယာတစ်ခုခုတွင် သာတူညီမျှဖြစ်သော၊ ပေါ်ပေါက်နိုင်သော၊ နောင်တွင်ဖြစ်သော တစ်စိတ်တစ်ပိုင်းဖြစ်သော အကျိုးခံစားခွင့်ရှိကြောင်း။

အခန်း (၄)

အစုရှယ်ယာလက်မှတ်များ

အစုရှယ်ယာလက်မှတ်များထုတ်ပေးခြင်း

၁၉။ (က) ဘဏ်သည်အစုရှယ်ယာလက်မှတ်များကို ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ထုတ်ပေးရန် လိုအပ်ပါက ထုတ်ပေးရမည်ဖြစ်ပြီး အစုရှယ်ယာလက်မှတ်များတွင် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လိုအပ်သည့်အတိုင်း သတင်းချက်အလက် အားလုံး ပါဝင်စေရမည်။ ထို့အပြင် အစုရှယ်ယာလက်မှတ်များကို အီလက်ထရောနစ်ပုံစံဖြင့်လည်း ထုတ်ပေးနိုင်သည်။

(ခ) ဘဏ်သည် ၎င်း၏ အစုရှယ်ယာလက်မှတ်များကို ၂၀၁၆ခုနှစ် ငွေရေးကြေးရေး အဖွဲ့အစည်း များဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထားရှိရမည်။

ဘဏ်တွင်ပါဝင်သူအစုရှင်များသည် အစုရှယ်ယာလက်မှတ် ရထိုက်ခွင့်ရှိခြင်း။

၂၀။ ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ဘဏ်တွင် ပါဝင်သူအစုရှင် တစ်ဦးချင်းစီသည် ၎င်းတို့အမည်ဖြင့် မှတ်ပုံတင်ထားသည့် အစုရှယ်ယာအမျိုးအစားအသီးသီးအတွက် အစုရှယ်ယာလက်မှတ်တစ်စောင်စီ အသီးသီးကို တောင်းဆိုပါက အခမဲ့ရထိုက်ခွင့်ရှိပါသည်။ ဘဏ်အနေဖြင့် စတော့အိပ်ချိန်း တစ်ခုခု တွင် စာရင်းဝင်နေသမျှကာလပတ်လုံး မည်သည့်အစုရှယ်ယာကိုမျှ အစုရှယ်ယာလက်မှတ်များကို ထုတ်ဝေခြင်းမပြုရပါ။

ပူးတွဲအစုရှယ်ယာရှင်များအတွက် အစုရှယ်ယာလက်မှတ်

၂၁။ အစုရှယ်ယာများကို ပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအမည်ဖြင့် မှတ်ပုံတင် ထားသော်လည်း ဘဏ်သည် အစုရှယ်ယာ အမျိုးအစားအလိုက် အစုရှယ်ယာအမျိုးအစား တစ်ရပ်စီ အတွက် အစုရှယ်ယာလက်မှတ်တစ်ခုသာ ထုတ်ပေးရန်လိုအပ်သည်။

အစုရှယ်ယာလွှဲပြောင်းပေးခြင်းသို့မဟုတ်တစ်ဆင့်လွှဲအပ်ခြင်းအတွက်အစုရှယ်ယာလက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၂။ (က) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ လိုအပ်ချက်နှင့်အညီ အီလက်ထရောနစ်ပုံစံဖြင့်ထုတ်ပေးထားသော အစုရှယ်ယာများမှအပ လွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းသွင်းရန် သို့မဟုတ် အစုရှယ်ယာ တစ်ခုခုကို ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တစ်ဦးဦးသို့ တစ်ဆင့် လွှဲအပ်ပေးခဲ့သည့်အတွက် ထိုသူကို

ဘဏ်တွင်ပါဝင်သူ အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းရန် လျှောက်ထားလာရာတွင် အဆိုပါ အစုရှယ်ယာလက်မှတ်ကို ထုတ်ပေးထားလျှင် ဖျက်သိမ်းရန် ဘဏ်သို့ ပေးပို့ရမည်။

(ခ) ဘဏ်သည် အစုရှယ်ယာရောင်းဝယ်ရေးကိစ္စရပ်များကို အီလက်ထရောနစ်နည်းဖြင့် ဆောင်ရွက် ရာတွင် ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အခြား တည်ဆဲဥပဒေ၊နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အစုရှယ်ယာလက်မှတ် အစားထိုးထုတ်ပေးခြင်း။

၂၃။ ဘဏ်သည် အစုရှယ်ယာလက်မှတ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအချက် တစ်ခုခုကြောင့် အစုရှယ်ယာလက်မှတ် အစားထိုးထုတ်ပေးရန် တောင်းဆိုလာပါက ထိုအစုရှယ်ယာလက်မှတ် အတွက် အစားထိုးထုတ်ပေးရမည်-

(က) အစုရှယ်ယာလက်မှတ် စုတ်ပြဲဖတ်မရဖြစ်၍ ယင်းသို့ စုတ်ပြဲဖတ်မရသော အစုရှယ်ယာလက်မှတ်ကို ဘဏ်သို့ ပြန်လည်ပေးပို့လာခြင်း သို့မဟုတ်။

(ခ) အစုရှယ်ယာလက်မှတ်ပျောက်ဆုံး သို့မဟုတ် ပျက်စီးသွားခြင်းနှင့်ပတ်သက်၍ ဘဏ်သို့-

(၁) ပေါင်နှံ၊ ရောင်းချ၊ အခြားနည်း စီမံထားခြင်းမရှိဘဲ ထိုအစုရှယ်ယာလက်မှတ် ပျောက်ဆုံး ပျက်စီးကြောင်း သက်သေထင်ရှားပြခြင်း။

(၂) ထိုအစုရှယ်ယာလက်မှတ် ပြန်လည်တွေ့ရှိ လက်ခံရရှိပါက ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း တာဝန်ခံခြင်း။

၂၄။ ဘဏ်သည် မူရင်း အစုရှယ်ယာလက်မှတ် ပြန်လည်ရရှိပြီး၊ သို့မဟုတ် အပိုဒ်၂၃(ခ)ပါအတိုင်း သက်သေထင်ရှား၊ အခြားနည်းတင်ပြလာခြင်းရှိပါက လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၂၈)ရက် အတွင်း သို့မဟုတ် ထို့ထက်ပိုတိုတောင်းသော ကာလအတွင်း ဥပဒေလိုအပ်ချက်နှင့်အညီ အစားထိုးအစုရှယ်ယာလက်မှတ်များကို ထုတ်ပေးရမည်။

အခန်း (၅)

အစုရှယ်ယာလွှဲပြောင်းပေးခြင်း

လွှဲပြောင်းသည့် စာရွက်စာတမ်းများ

၂၅။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့ကို လိုက်နာလျက် ဘဏ်တွင် ပါဝင်သူတစ်ယောက်သည် သင့်လျော်စွာ တံဆိပ်ခပ်နှိပ်ထားသော လွှဲပြောင်းခြင်း ဆိုင်ရာစာရွက်စာတမ်းကို ဘဏ်သို့ပေးပို့၍ အစုရှယ်ယာများကို လွှဲပြောင်းနိုင်သည်။ လွှဲပြောင်းခြင်း ဆိုင်ရာ စာရွက်စာတမ်းတွင် အောက်ပါအတိုင်း ဖော်ပြဆောင်ရွက်ရမည်-

(က) အသုံးပြုလေ့ရှိသည့် သာမန်ပုံစံဖြင့် သို့မဟုတ် ဘုတ်အဖွဲ့က ဆုံးဖြတ်သတ်မှတ်သည့် သို့မဟုတ် လက်ခံရန် သဘောတူညီသည့် အခြားပုံစံဖြင့် ရေးသားဖော်ပြရမည်။

(ခ) လွှဲပြောင်းသူ၏ သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူ၏ (သို့မဟုတ်နှစ်ဦးလုံး၏) လွှဲပြောင်းမှုရလာဒ်အရ နိုင်ငံခြားကော်ပိုရေးရှင်း သို့မဟုတ် အခြားနိုင်ငံခြားသား (သို့မဟုတ် ၄င်းတို့ပေါင်းစပ်၍) လက်ခံရရှိမည်ဖြစ်ကြောင်း သို့မဟုတ် ဘဏ်၏ အစုရှယ်ယာ အကျိုးအမြတ်ပိုင်ဆိုင်ခြင်းမှ ရပ်စဲကြောင်းတို့ အပါအဝင် ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လိုအပ်သော သတင်းအချက်အလက် အားလုံးပါဝင်ရမည်။

(ဂ) လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းခြင်းကို လက်ခံရယူသူတို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တို့ကဖြစ်စေ လက်မှတ်ရေးထိုးရမည် သို့မဟုတ် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေက ခွင့်ပြုသည့် အခြားနည်းအတိုင်း ဆောင်ရွက်ရမည်။

(ဃ) လွှဲပြောင်းမည့် အစုရှယ်ယာအတွက် အစုရှယ်ယာလက်မှတ် (၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လိုအပ်ပြီး ထိုအစုရှယ်ယာလက်မှတ်ကို ထုတ်ပေးထားပြီးဖြစ်လျှင်)နှင့် လွှဲပြောင်းသူ ပိုင်ဆိုင်ကြောင်း အထောက်အထား သို့မဟုတ် အစုရှယ်ယာကို လွှဲပြောင်းခွင့်ရှိကြောင်း အထောက်အထား စသည့် ဘုတ်အဖွဲ့က လိုအပ်သည်ဆိုသော သက်သေခံအထောက်အထားများ ပူးတွဲပါဝင်ရမည်။

သို့သော်လည်း တည်ဆဲဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စတော့အိတ်ချိန်း တစ်ခုခုတွင် စာရင်းဝင် ရောင်းဝယ်မှုပြုလုပ်နေသည့် အစုရှယ်ယာများ လွှဲပြောင်းခြင်းကို အဆိုပါ စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ခန့်အပ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် အစုရှယ်ယာများ စာရင်းရှင်းလင်းပေးချေသည့်အဖွဲ့အစည်းတို့မှ သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်းများနှင့်အညီသာလျှင် လွှဲပြောင်းခြင်းပြုလုပ်ရမည်။

လွှဲပြောင်းခြင်းကို မှတ်ပုံတင်ခြင်း

၂၆။ အပိုဒ်-၂၇ ကို အထောက်အထားပြု လိုက်နာလျှက်အပိုဒ်-၂၆အရ ဘဏ်သည် အစုရှယ်ယာများ လွှဲပြောင်းမှုတစ်ခုချင်းစီကို မှတ်ပုံတင်စာရင်းသွင်းရမည်ဖြစ်ပြီး ထိုသို့ မှတ်ပုံတင်စာရင်းသွင်းခြင်းကို အခမဲ့ဆောင်ရွက်ပေးရမည်။

လွှဲပြောင်းခြင်း၊ မှတ်ပုံတင်စာရင်းသွင်းခြင်းကို ဘုတ်အဖွဲ့က ခွင့်မပြုဘဲ ငြင်းပယ်နိုင်ခြင်း

၂၇။ အစုရှယ်ယာပိုင်ဆိုင်သူအဖြစ် မှတ်ပုံတင်ပြီးသူကိုသာ ဘဏ်က အစုရှယ်ယာအပေါ် ပိုင်ဆိုင်ခွင့် ရှိသူအဖြစ် အသိအမှတ်ပြုရမည်။ သံသယကိုရှောင်ရှားနိုင်ရန်အလို့ငှာ အစုရှယ်ယာပိုင်ဆိုင်သူအဖြစ် မှတ်ပုံတင်ပြီးသူများတွင် ဘဏ်၏ အစုရှယ်ယာများကို ရောင်းဝယ်မှုပြုလုပ်နေသည့် သက်ဆိုင်ရာ စတော့အိပ်ချိန်း၌ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝယ်ယူထားသည့် ပုဂ္ဂိုလ်များလည်းပါဝင်သည်။

၂၈။ တည်ဆဲဥပဒေအရဖွဲ့စည်းတည်ထောင်ထားသော စတော့အိပ်ချိန်းတစ်ခုခုတွင် စာရင်းဝင်ရောင်းဝယ်ဆောင်ရွက်နေသည့် အစုရှယ်ယာများမှတစ်ပါး ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို အထောက်အထားပြုလိုက်နာလျှက် ဘုတ်အဖွဲ့သည် အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းသွင်းပေးရန် ဤအခန်း ၅ အရ လိုအပ်သော အခြားစာရွက်စာတမ်းများ နှင့်အတူတင်ပြသော လွှဲပြောင်းရန်အတွက် လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ ၂၁ ရက်အတွင်း ငြင်းပယ်နိုင်ပြီး ဘုတ်အဖွဲ့က အစုရှယ်ယာလွှဲပြောင်းခြင်းငြင်းပယ်ကြောင်း အကြောင်းပြချက်ပါရှိသည့် ဆုံးဖြတ်ချက်ချမှတ်ရမည်။ ဘဏ်သည်ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ထုတ်ပြန်ပြီးနောက် ၇ ရက်အတွင်း လွှဲပြောင်းလက်ခံမည့်သူနှင့် လွှဲပြောင်းမည့်သူတို့ထံ အကြောင်းကြားရမည်။

လွှဲပြောင်းခြင်းစာရွက်စာတမ်းများကိုဆက်လက်ထိန်းသိမ်းထားရှိခြင်းနှင့် ပြန်လည်ပေးအပ်ခြင်း

၂၉။ ဘဏ်သည်-

(က) အစုရှယ်ယာလွှဲပြောင်းခြင်းများကို မှတ်ပုံတင်စာရင်းသွင်းရန်အတွက် လွှဲပြောင်းခြင်း စာရွက်စာတမ်းအားလုံးကို ဘုတ်အဖွဲ့က ဆုံးဖြတ်သတ်မှတ်သည့်ကာလအတွင်း သို့မဟုတ် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေလိုအပ်ချက်အတိုင်း ထိန်းသိမ်းထားရှိရမည်။

(ခ) လိမ်လည်ကြောင်း သို့မဟုတ် လိမ်လည်ကြောင်း သံသယဖြစ်ဖွယ်ရှိသည့် ကိစ္စမှ တစ်ပါး ဘုတ်အဖွဲ့က မှတ်ပုံတင်စာရင်းသွင်းပေးရန် ငြင်းပယ်သည့် အစုရှယ်ယာလွှဲပြောင်းခြင်း စာရွက်စာတမ်းများကို ပြန်တောင်းပါက ပေးပို့သူထံ ပြန်လည်ပေးပို့ရမည်။

မှတ်ပုံတင်တွင် အမည်စာရင်းမသွင်းရသေးသည့်အချိန်အထိ လွှဲပြောင်းခြင်းလုပ်ငန်းမပြီးဆုံးသေးခြင်း

၃၀။ အစုရှယ်ယာ လွှဲပြောင်းရယူသူ၏ အမည်ကို အစုရှယ်ယာရှင်အဖြစ် အမည်မှတ်ပုံတင် စာရင်း သွင်းပြီးသည့် အချိန်မတိုင်မီအထိ အစုရှယ်ယာ လွှဲပြောင်းပေးသူသည် အစုရှယ်ယာရှင်အဖြစ် ဆက်လက်တည်ရှိပါသည်။

အခန်း(၆)

အစုရှယ်ယာများတစ်ဆင့်လွှဲပြောင်းခြင်း

ဘဏ်တွင်ပါဝင်သူတစ်ဦးသေဆုံးခြင်း

၃၁။ ဘဏ်တွင် ပါဝင်သူတစ်ဦးသေဆုံးပါက-

(က) အစုရှယ်ယာကို ပူးတွဲပိုင်ဆိုင်ခဲ့လျှင် သက်ရှင်ကျန်ရှိသူကိုသာ အဆိုပါ အစုရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူ အစုရှယ်ယာပိုင်ဆိုင်ခွင့်ရှိသူအဖြစ် ဘဏ်က အသိအမှတ်ပြုမည်။

(ခ) အစုရှယ်ယာကို တစ်ဦးတည်းပိုင်ဆိုင်ခဲ့လျှင် ဘဏ်တွင်ပါဝင်သူ၏ ဥပဒေအရ ကိုယ်စားလှယ်ကိုသာ အဆိုပါ အစုရှယ်ယာများကို အကျိုးခံစားခွင့်ရှိသူ အစုရှယ်ယာ ပိုင်ဆိုင်ခွင့် ရှိသူအဖြစ် ဘဏ်က အသိအမှတ်ပြုမည်။

၃၂။ အပိုဒ်-၃၁ ပါ ဖော်ပြချက်မှာ ဘဏ်တွင် ပါဝင်သူအစုရှင် သေဆုံးသူ၏ တရားဝင်ဆက်ခံခွင့်ရှိသူသည် ၄င်းတစ်ဦး တည်းဖြစ်စေ ပူးတွဲ၍ဖြစ်စေ အစုရှယ်ယာများကို ပိုင်ဆိုင်စေကာမူ ဘဏ်သို့ အစုရှယ်ယာနှင့် စပ်လျဉ်း၍ မပေးချေရသေးသည့် ပမာဏ သို့မဟုတ် အခြားပေးရန် တာဝန်ရှိမှုကို လွတ်ငြိမ်းခွင့် မရှိစေရ။

အခန်း(၇)

မတည်ငွေရင်းပြောင်းလဲပြင်ဆင်ခြင်း

၃၃။ ဘဏ်သည် ဥပဒေက ခွင့်ပြုသည့် အပြုအမူအတိုင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြု ချက်အရ ၄င်း၏ မတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်သည်။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၁၁၂(က)ကို အထောက်အထား ပြုလိုက်နာလျက် ဘဏ်၏ အစုရှယ်ယာ မတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်မှုရှိစေရန် ဘုတ်အဖွဲ့က လိုအပ်သလို ဆောင်ရွက်နိုင်သည်။

၃၄။ ဘဏ်သည် အထွေထွေအစည်းအဝေးတွင် သာမန်ဆုံးဖြတ်ချက်များအရ

(က) ဘဏ်၏မတည်ငွေရင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ပေါင်းစည်း၍ ပိုမိုများပြားသော အစုရှယ်ယာများအဖြစ် ပိုင်းခြားခြင်းပြုလုပ်နိုင်သည်။

(ခ) ဘဏ်သည် လက်ရှိအစုရှယ်ယာအရေအတွက်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ပေါင်းစည်းခြင်းဖြင့် မူလအစုရှယ်ယာထက် ပိုမိုကျစ်လစ်သော အစုရှယ်ယာများဖြစ်အောင် ဖန်တီးနိုင်သည်။

၃၅။ ဘဏ်သည် မတည်ငွေရင်း တိုးမြှင့်ခြင်းနှင့် လျော့ချခြင်းများကို ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ ပုဒ်မ ၃၄ (c) နှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာဖြင့် ခွင့်ပြုချက်ရယူ၍ အထွေထွေအစည်းအဝေးတွင် အထူး ဆုံးဖြတ်ချက်ဖြင့် ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်း ချက် များနှင့်အညီ ပြုလုပ်နိုင်သည်။

၃၆။ ဘဏ်သည် ၎င်း၏အစုရှယ်ယာများကို ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာဖြင့် ခွင့်ပြုချက်ရယူ၍ ပြန်လည်ဝယ်ယူနိုင်သည်။

အခန်း(၈)

အခွင့်အရေးနှင့်ကန့်သတ်မှုများကို ပြောင်းလဲခြင်းနှင့်ပယ်ဖျက်ခြင်း

အစုရှယ်ယာအမျိုးအစားနှင့်စပ်လျဉ်း၍ အခွင့်အရေးနှင့် ကန့်သတ်မှုများကို ပြောင်းလဲခြင်းနှင့် ပယ်ဖျက်ခြင်း

၃၇။ အစုရှယ်ယာများထုတ်ပေးသည့် စည်းကမ်းချက်များနှင့် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အထောက်အထားပြုလိုက်နာလျှက် အစုရှယ်ယာ အမျိုးအစားတစ်ရပ်မှ အခြားအမျိုးအစား တစ်ရပ်သို့ ပြန်လည်ပြောင်းလဲ ခွဲခြားသတ်မှတ်ခြင်း အပါအဝင် မည်သည့်အစုရှယ်ယာ အမျိုးအစား ပေါ်တွင်မဆို ပူးတွဲထားသည့် သို့မဟုတ် စည်းနှောင်ထားသည့် အခွင့်အရေးများနှင့် ကန့်သတ်ချက်များကို အောက်ပါအတိုင်း ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်-

(က) အဆိုပါ အမျိုးအစားရှိ အစုရှယ်ယာရှင်များ၏ အနည်းဆုံး ၇၅% က စာဖြင့်ရေးသား သဘောတူညီချက်ပေးခြင်းဖြင့်။

(ခ) အဆိုပါ အမျိုးအစားရှိ အစုရှယ်ယာရှင်များ၏ အစည်းအဝေးမှချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် သဘောတူညီမှုအရ ဆောင်ရွက်ခြင်းဖြင့်။

အမျိုးအစားတူ အစုရှယ်ယာများ ဆက်လက်ထုတ်ခြင်းဖြင့် မပြောင်းလဲခြင်း

၃၈။ အစုရှယ်ယာများထုတ်ပေးသည့် စည်းကမ်းချက်များနှင့်အညီ တူညီသော အခွင့်အရေးနှင့် ကန့်သတ်ချက်များရှိသည့် အမျိုးအစားတူ အစုရှယ်ယာများဆက်လက်ထုတ်ခြင်းဖြင့် မည်သည့်

အစုရှယ်ယာအမျိုးအစားပေါ်တွင်မဆို ပူးတွဲထားသည့် သို့မဟုတ် စည်းနှောင်ထားသည့် အခွင့် အရေးများနှင့် ကန့်သတ်ချက်များကို ပြောင်းလဲစေသည်ဟု မှတ်ယူခြင်းမရှိစေရပါ။

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါပြင်ဆင်ထားချက်များအား လိုက်နာဆောင်ရွက်ခြင်း

၃၉။ ဘဏ်တွင် ပါဝင်သူအစုရှင်တစ်ဦးစီသည် ဘဏ်တွင် ပါဝင်သူအစုရှင်တစ်ဦး ဖြစ်လာသည့်နေ့မှစ၍ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ပြုလုပ်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ ပြင်ဆင်ထားချက်များအား လိုက်နာဆောင်ရွက်ရန် သဘောတူညီကြသည်။

အခန်း(၉)

အထွေထွေအစည်းအဝေးများ

ဥပဒေအရ လိုက်နာကျင်းပရမည့် ဘဏ်အစည်းအဝေး

၄၀။ ဘဏ်သည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၄၈ ကို လိုက်နာလျက် ဘဏ်စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၂၈ ရက် အောက်မနည်း ဖိလထက် မများသောကာလအတွင်း ဘဏ်တွင်ပါဝင်သူ အစုရှင်များသည် ဥပဒေအရ လိုက်နာကျင်းပရမည့် အထွေထွေအစည်းအဝေးကို ကျင်းပရမည်။ ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာအား ဘဏ်၏ဒါရိုက်တာများ သို့မဟုတ် ဥက္ကဋ္ဌက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးများ

၄၁။ ဘဏ်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဘဏ်အား ဥပဒေနှင့်အညီ စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့ရက်မှ ၁၈ လအတွင်း ကျင်းပရမည်ဖြစ်ပြီး ၎င်းအစည်းအဝေး ကျင်းပသည့် နောက်ပိုင်း ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် (နောက်ဆုံးအကြိမ်ခေါ်ယူကျင်းပသည့် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးမှ ၁၅ လထက်မပိုသောကာလအတွင်း) ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ခေါ်ယူကျင်းပရမည်။

အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာပေးပို့ခြင်း

၄၂။ အထွေထွေအစည်းအဝေး အကြောင်းကြားစာကို အများနှင့်သက်ဆိုင်သော ဘဏ်ဖြစ်သည့်အတွက် အနည်းဆုံး ၂၈ ရက် ကြိုတင်အကြောင်းကြားရမည်။ ဘဏ်တွင် ပါဝင်သူအစုရှင်များအားလုံး၏ သဘောတူညီချက်ဖြင့် အစည်းအဝေးကို ပိုမိုတိုတောင်းသည့်ကာလဖြင့် အကြောင်းကြားစာပေးပို့ပြီး ခေါ်ယူကျင်းပနိုင်သည်။

၄၃။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးများကို ဥပဒေနှင့်အညီ ဥပဒေ လိုအပ်ချက်အတိုင်း ကျင်းပရမည်။ အစည်းအဝေး အကြောင်းကြားစာတွင် ထည့်သွင်းဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ နှစ်ပတ်လည် အထွေထွေအစည်းအဝေးလုပ်ငန်းတွင် အောက်ပါတို့ပါဝင်ရမည်။

(က) ဘဏ်၏နှစ်ပတ်လည် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊ ဘုတ်အဖွဲ့၏ အစီရင်ခံစာနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို လက်ခံခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း။

(ခ) ဒါရိုက်တာများရွေးချယ်ခြင်း နှင့် ဒါရိုက်တာများ၏ အခကြေးငွေကိုသတ်မှတ်ခြင်း။

(ဂ) ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် စာရင်းစစ်၏ အခကြေးငွေသတ်မှတ်ခြင်း။

(ဃ) ဘဏ်၏အမြတ်ငွေများထဲမှ ဒါရိုက်တာများအား အပိုအခကြေးငွေပေးရန် လုံလောက်ပါကယင်းသို့အပိုအခကြေးငွေပေးရန် မဲဖြင့်ဆုံးဖြတ်ခြင်း။

အထူးအထွေထွေအစည်းအဝေးများ

၄၄။ အပိုဒ် ၄၀ ပါ ဥပဒေအရ လိုက်နာရမည့် အစည်းအဝေးနှင့် အပိုဒ် ၄၁ ပါ နှစ်ပတ်လည် အထွေထွေအစည်းအဝေးများမဟုတ်သည့် ကျန်အစည်းအဝေးများကို အထူးအထွေထွေ အစည်းအဝေးများဟုခေါ်ဆိုရမည်။

၄၅။ ဒါရိုက်တာများသည် သင့်လျော်သည်ဟုယူဆသည့် မည်သည့်အချိန်တွင်မဆို အထူးအထွေထွေအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။ ထို့အပြင် တောင်းဆိုခြင်းပြုလာပါကလည်း အထူးအထွေထွေအစည်းအဝေးခေါ်ယူနိုင်သည်။ မည်သည့် ဒါရိုက်တာကမဆို သို့မဟုတ် ဘဏ်တွင်ပါဝင်သူအစုရှင်များကမဆို ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဒါရိုက်တာများက အစည်းအဝေးကို ခေါ်ယူနိုင်သည့်နည်းလမ်းအတိုင်း အထူးအထွေထွေ အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

ဒါရိုက်တာများလည်း အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာရထိုက်ခွင့်ရှိခြင်း

၄၆။ အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာကို ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေတို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘဏ်တွင် ပါဝင်သူများနှင့် ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် ဥပဒေတို့အရ အကြောင်းကြားစာပေးပို့ရန် လိုအပ်သူများထံ ပေးပို့ရမည်။ ထိုသို့ ပေးပို့ရာတွင် အကြောင်းကြားစာနှင့်အတူ လိုအပ်သော သတင်းအချက်အလက်များ ဥပဒေနှင့်အညီ လိုအပ်ချက်အတိုင်း ပူးတွဲပါရှိစေရမည်။

အထွေထွေအစည်းအဝေးကျင်းပရန်အကြောင်းကြားစာပေးပို့ရန်သို့မဟုတ်အကြောင်းကြားရန် ပျက်ကွက်ခြင်း

၄၇။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီဥပဒေကို အထောက်အထားပြု လိုက်နာလျက် အောက်တွင် ဖော်ပြထားသောအကြောင်းတစ်မျိုးမျိုးကြောင့် အစည်းအဝေးကျင်းပခြင်းနှင့် အစည်းအဝေး လုပ်ငန်းစဉ်များကို ထိခိုက်ပျက်ပြယ်စေခြင်းမရှိစေရ-

(က) အထွေထွေအစည်းအဝေးကျင်းပရန် သို့မဟုတ် အစည်းအဝေး ရွှေ့ဆိုင်းခြင်း၊ ပြောင်းလဲခြင်း တို့ကို အကြောင်းကြားစာပေးရန် မတော်တဆပျက်ကွက်ခြင်း၊ ကုမ္ပဏီတွင်ပါဝင်သူများနှင့် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေတို့အရ အထွေထွေအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူများ အကြောင်းကြားစာမရခြင်း။

(ခ) အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာပေးပို့ခြင်းနှင့် စပ်လျဉ်း၍ အပိုဒ်- ၄၆ ပါအတိုင်း တိတိကျကျလိုက်နာရန် ပျက်ကွက်ခြင်း။

အခန်း(၁၀)

အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်ချက်များ

ဘဏ်တွင်ပါဝင်သူအစုရှင်သည် အထွေထွေအစည်းအဝေးတွင်တက်ရောက်သည်ဟု မှတ်ယူခြင်း

၄၈။ ဘဏ်တွင်ပါဝင်သူတစ်ဦးသည် အထွေထွေအစည်းအဝေးတွင် တက်ရောက်နိုင်ပြီး အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အစည်းအဝေးတွင် တက်ရောက်သည်ဟု မှတ်ယူနိုင်သည်။

(က) ကိုယ်တိုင်တက်ရောက်ခြင်း။

(ခ) တရားဝင်လွှဲအပ်ထားသောရှေ့နေဖြင့်တက်ရောက်ခြင်း။

(ဂ) ကိုယ်စားလှယ်ဖြင့် တက်ရောက်ခြင်း။

(ဃ) ဘဏ်တွင် ပါဝင်သူအစုရှင်သည် ကုမ္ပဏီ/ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခု ဖြစ်ပါက အဖွဲ့အစည်း၏ ကိုယ်စားပြု ပုဂ္ဂိုလ်ဖြင့် တက်ရောက်ခြင်း။

ဘဏ်တွင်ပါဝင်သူအစုရှင်၏ တရားဝင်လွှဲအပ်ထားသော ရှေ့နေ

၄၉။ ဘဏ်တွင် ပါဝင်သူအစုရှင်သည် သတ်မှတ်ကာလအတွင်း ကျင်းပသည့် အထွေထွေ အစည်းအဝေး တစ်ခုခု သို့မဟုတ် အားလုံးတွင် ၄င်းတို့ကိုယ်စား ဆောင်ရွက်ရန် တရားဝင်လွှဲအပ်ထားသော ရှေ့နေကို ခန့်ထားနိုင်သည်။ ဘဏ်တွင် ပါဝင်သူကိုယ်စား ရှေ့နေကဆောင်ရွက်မည့် ပထမ အစည်းအဝေးမကျင်းပမီ ရှေ့နေ ကိုယ်စားလှယ်လွှဲစာကို ဘဏ်၏ရုံးခန်းတွင်ဖြစ်စေ အစည်းအဝေး အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြသည့်နေရာတွင်ဖြစ်စေ တင်ပြထားရမည်။ သက်ဆိုင်သည့်

အထွေထွေ အစည်းအဝေးမှ ဥက္ကဋ္ဌက တောင်းဆိုသည့်အခါ ပြန်လည်မရုပ်သိမ်းနိုင်သော ရှေ့နေကိုယ်စားလှယ်လွှဲစာကို ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥပဒေကို အထောက်အထားပြု လိုက်နာလျက် ရှေ့နေ၏ ကိုယ်စားလှယ်လွှဲစာ တရားဝင်မှုကို ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌမရှိလျှင် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် စည်းနှောင်မှု ရှိစေရမည်။

ဘဏ်တွင်ပါဝင်သူ အစုရှင်ကိုယ်စားပြုပုဂ္ဂိုလ်

၅၀။ ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဘဏ်တွင်ပါဝင်သူအစုရှင်သည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လူပုဂ္ဂိုလ် တစ်ဦးဦးကို ၎င်း၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကာလအတွင်း ကျင်းပသည့် အထွေထွေအစည်းအဝေး တစ်ခုခု သို့မဟုတ် အားလုံးတွင်ဖြစ်စေ ၎င်းအဖွဲ့အစည်း၏ ကိုယ်စားဆောင်ရွက်ရန် အခွင့်အာဏာပေး၍ ခန့်ထားနိုင်သည်။ ထိုအဖွဲ့အစည်း ကိုယ်စားပြု ပုဂ္ဂိုလ်သည် ဘဏ်တွင်ပါဝင်သူအစုရှင်ကဲ့သို့ အာဏာရှိပြီး ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ခြင်းများတွင်လည်း သာမန်လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ မဲပေးခြင်း ဆောင်ရွက်နိုင်သည်။

အထွေထွေအစည်းအဝေးအထမြောက်ရန် လိုအပ်သည့်ဦးရေ

၅၁။ အစည်းအဝေး အထမြောက်စေရန် လိုအပ်သော အနည်းဆုံးတက်ရောက်ရမည့် ဘဏ်တွင်ပါဝင်သူ အစုရှင်ဦးရေ ပြည့်စုံစွာ တက်ရောက်ခြင်းမပြုမီ အစည်းအဝေးစတင်ရန် အချိန်ကျရောက်စေကာမူ မည်သည့် အထွေထွေအစည်းအဝေးတွင်မျှ လုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်းမပြုရ။

ဤတွင် အခြားနည်းသတ်မှတ်ချက်များ စီစဉ်ထားပြီးရှိသည်များမှတစ်ပါး အစုရှင်အနည်းဆုံး (၂၀)ဦး ရှိပြီး ထုတ်ဝေရောင်းချပြီးဖြစ်သော အစုရှယ်ယာများ၏ ၃၀% ထက်မနည်းပိုင်ဆိုင်သော အစုရှင်များနှင့် သီးခြားလွတ်လပ်သော ဒါရိုက်တာအနည်းဆုံးတစ်ဦး တက်ရောက်မှသာ ထိုအစည်းအဝေး အထမြောက်စေသောဦးရေပြည့်စုံသည်ဟု သတ်မှတ်သည်။

အထွေထွေအစည်းအဝေးအထမြောက်ရန် အနည်းဆုံးဦးရေ တက်ရောက်မှုမရှိခြင်း

၅၂။ အထွေထွေအစည်းအဝေးအတွက် ချိန်းဆိုသည့် အချိန်နောက်ပိုင်း မိနစ် ၃၀ အတွင်း အစည်းအဝေး ထမြောက်ရန် အနည်းဆုံးဦးရေ တက်ရောက်ခြင်းမရှိပါက-

(က) ဘဏ်တွင် ပါဝင်သူများက ကျင်းပသည့် သို့မဟုတ် ဘဏ်တွင် ပါဝင်သူအစုရှင်များ၏ တောင်းဆိုချက်အရ ဒါရိုက်တာများက ခေါ်ယူကျင်းပသည့် အစည်းအဝေးဖြစ်ပါက ရုပ်သိမ်းပြီး ဖြစ်ပြီး၊-

(ခ) အခြားအစည်းအဝေးများဖြစ်ပါက နောက်တစ်ပတ်သို့ နေ့ရက်တူ အချိန်တူ နေရာတူသို့ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ဒါရိုက်တာများက ဆုံးဖြတ်သည့် အခြားနေ့၊ အခြားအချိန်၊

အခြားနေရာသို့ ရွှေ့ဆိုင်းချိန်းဆိုနိုင်သည်။ ထိုသို့ရွှေ့ဆိုင်းပါက ဘဏ်တွင် ပါဝင်သူ အစုရှင်များနှင့် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ အကြောင်းကြားစာ ရထိုက်ခွင့်ရှိသည့် အခြားသက်ဆိုင်သူများထံ အကြောင်းကြားရမည်။ ရွှေ့ဆိုင်းသည့်နေ့၊ အစည်းအဝေး သတ်မှတ်ချိန်၏ နောက်မိနစ် (၃၀)အတွင်း အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် အနည်းဆုံးဦးရေ တက်ရောက်လာခြင်း မရှိက တက်ရောက်သည့်ဦးရေကိုပင် အထမြောက်ရန် အနည်းဆုံးဦးရေအဖြစ် မှတ်ယူကာ မူလအကြောင်းကြားစာပါ အစည်းအဝေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်သည်။

အထွေထွေအစည်းအဝေးဥက္ကဋ္ဌ

၅၃။ အထွေထွေအစည်းအဝေးတိုင်းတွင် ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ မရှိပါက ဘုတ်အဖွဲ့ ၏ ဒုတိယဥက္ကဋ္ဌ(ရှိလျှင်)သည် အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။ ဘုတ်အဖွဲ့ ၏ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌများ မရှိဘဲ ၄င်းတို့နှစ်ဦးသည် အစည်းအဝေးစရန် သတ်မှတ်ချိန် နောက်ပိုင်း မိနစ်၃၀ အတွင်း တက်ရောက်လာခြင်း မရှိလျှင် သို့မဟုတ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လိုခြင်းဆန္ဒမရှိကြလျှင် တက်ရောက်လာကြသည့် ဘုတ်အဖွဲ့က အစည်းအဝေး ဥက္ကဋ္ဌကို ရွေးချယ်နိုင်သည်။ ဒါရိုက်တာများက ထိုသို့ ရွေးချယ်ပေးခြင်းမရှိလျှင် တက်ရောက်လာကြသည့် ဘဏ်တွင် ပါဝင်သူအစုရှင်များက ဒါရိုက်တာ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။ အကယ်၍ ဒါရိုက်တာတစ်ဦးမျှ တက်ရောက်ခြင်း မရှိလျှင် သို့မဟုတ် ဒါရိုက်တာတစ်ဦးတယောက်ကမျှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လိုခြင်းမရှိလျှင် ဘဏ်တွင် ပါဝင်သူအစုရှင်များသည် ဘဏ်တွင်ပါဝင်သူ အစုရှင်များထဲမှ တစ်ဦး (သို့မဟုတ် ၄င်းတို့၏ ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသော ရှေ့နေ သို့မဟုတ် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်)ကို ဥက္ကဋ္ဌ အဖြစ်ရွေးချယ်ရမည်။

၅၄။ အထွေထွေအစည်းအဝေး၏ ဥက္ကဋ္ဌသည် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခ ဖြစ်ပွားခြင်း သို့မဟုတ် ၄င်းတို့၏ ဆင်ခြင်တုံတရားအရ အစည်းအဝေး၏ အစီအစဉ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစီအစဉ်များတွင် ဆောင်ရွက်ရန် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရန် တစ်စုံတစ်ဦးကို (ဒါရိုက်တာ ဖြစ်ရန်မလို) ဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။ ထိုသို့ ဥက္ကဋ္ဌ တာဝန်ခန့်အပ်ခြင်း ခံရသူသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတို့အရ အပ်နှင်းသော ဥက္ကဋ္ဌ၏ အခွင့်အာဏာနှင့် ဆင်ခြင်တုံတရားကို ကျင့်သုံးနိုင်သည်။ ထိုသို့ခန့်အပ်သည့် တာဝန်ပြီးဆုံးပြီးနောက်တွင် ဥက္ကဋ္ဌသည် ၎င်း၏နေရာတွင် ပြန်လည်၍ ဆက်လက် ဆောင်ရွက်ရမည်။

အထွေထွေအစည်းအဝေးဥက္ကဋ္ဌ၏ အခွင့်အာဏာများ

၅၅။ အထွေထွေအစည်းအဝေး ဥက္ကဋ္ဌသည် အစည်းအဝေး၏ လုပ်ထုံးလုပ်နည်းများနှင့် ယေဘူယျ ပြုမူ ဆောင်ရွက်ရန်ကိစ္စများကို တာဝန်ယူရသည်။ ယေဘူယျ ပြုမူဆောင်ရွက်ချက်များနှင့် လုပ်ထုံး လုပ်နည်းတို့နှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် အတည်ဖြစ်စေရမည်။

၅၆။ မည်သည့်အထွေထွေ အစည်းအဝေးတွင်မဆို အစည်းအဝေးဥက္ကဋ္ဌက ဆုံးဖြတ်ချက်ကို ချမှတ်ပြီး သို့မဟုတ် သတ်မှတ်မဲအများစုဖြင့် ချမှတ်ပြီး သို့မဟုတ် မချမှတ်သေးကြောင်း ကြေညာပြီး ထိုသို့ အကျိုးသက်ရောက်မှုကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်လျှင် ထိုကြေညာချက်သည် အဆိုပါ ဆုံးဖြတ်ချက်ကို ထောက်ခံသည့်မဲ သို့မဟုတ် ကန့်ကွက်သည့် မဲ သို့မဟုတ် ကြားနေမဲ အရေ အတွက်နှင့် အချိုးအစားတို့ကို မှတ်တမ်းတင်ခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထိုကြေငြာချက် သည် အပြီးသတ် သက်သေခံချက်ဖြစ်သည်။

အထွေထွေအစည်းအဝေးကို ရွှေ့ဆိုင်းခြင်း

၅၇။ အပိုဒ်-၅၅ ကို အထောက်အထားပြုလိုက်နာလျက် အထွေထွေအစည်းအဝေး ဥက္ကဋ္ဌသည် အစည်း အဝေးကို အခြားရက်၊ အချိန်နှင့်နေရာသို့ ရွှေ့ဆိုင်းနိုင်ပြီး ရွှေ့ဆိုင်းသည့် အစည်းအဝေးတွင် ပထမအစည်းအဝေးမှ ဆောင်ရွက်ရန် ကျန်ရှိသည်များကိုသာ ဆက်လက်ဆောင်ရွက်နိုင်သည်

၅၈။ ဒါရိုက်တာတစ်ဦးကလည်းကောင်း၊ ဥပဒေနှင့်အညီ ဘဏ်တွင် ပါဝင်သူများကလည်းကောင်း၊ ဘဏ်တွင် ပါဝင်သူအစုရှင်များ၏ တောင်းဆိုချက်အရ ဒါရိုက်တာများကလည်းကောင်း၊ တရားရုံးက လည်းကောင်း ခေါ်ယူကျင်းပသည့် အထွေထွေအစည်းအဝေးဖြစ်ပါက ထိုအစည်းအဝေးများကို ခေါ်ယူကျင်းပသည့် သို့မဟုတ် တောင်းဆိုသည့် ပုဂ္ဂိုလ်များ၏ သဘောတူညီချက်မရှိဘဲ အထွေထွေ အစည်းအဝေး ဥက္ကဋ္ဌသည် အပိုဒ်-၅၉ အရ ရွှေ့ဆိုင်းခွင့် မရှိပါ။

အထွေထွေအစည်းအဝေးကို ရွှေ့ဆိုင်းကြောင်း အကြောင်းကြားခြင်း

၅၉။ အထွေထွေအစည်းအဝေးတစ်ခုကို ရက်ပေါင်း (၂၈)ရက်ထက်ပို၍ ရွှေ့ဆိုင်းပါက ထိုသို့ ရွှေ့ဆိုင်း ကြောင်း အကြောင်းကြားစာကို ဘဏ်တွင် ပါဝင်သူအစုရှင်အားလုံးနှင့် ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အကြောင်းကြားစာ ရထိုက်ခွင့်ရှိသည့် အခြား သက်ဆိုင်သူများအားလုံးထံ မူလအစည်းအဝေးကျင်းပစဉ်ကကဲ့သို့ ထုတ်ပေးရမည်။

အခန်း(၁၁)

မဲပေးခြင်း

မဲအများစုဖြင့် ချမှတ်သည့်ဆုံးဖြတ်ချက်

၆၀။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ၂၀၁၀ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရအခြားသတ်မှတ်မဲအရေအတွက်ထောက်ခံမှုဖြင့်ဆုံးဖြတ်ရန်လိုသည့်ကိစ္စရပ်မှအပအထွေအထွေအစည်းအဝေးတွင် အဆိုပြု ဆုံးဖြတ်ချက်များ အားလုံးကို သာမန်မဲအများစု ထောက်ခံမဲဖြင့် ဆုံးဖြတ်ရမည်။

အထွေထွေအစည်းအဝေးဥက္ကဋ္ဌ၏ အဆုံးအဖြတ်မဲ

၆၁။ အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ချက်အတွက် လက်ပြမဲပေးခြင်းဖြစ်စေ၊ မဲခွဲဆုံးဖြတ်ခြင်းဖြစ်စေ၊ မဲပေးရန်ရှိပြီး နှစ်ဖက်မဲအရေအတွက် တူညီနေပါက အစည်းအဝေးဥက္ကဋ္ဌသည် ဘဏ်တွင်ပါဝင်သူ ကိုယ်စားလှယ်၊ တရားဝင် လွဲအပ်ထားသော ရှေ့နေနှင့် အဖွဲ့အစည်းကိုယ်စားပြုပုဂ္ဂိုလ်အဖြစ် ရရှိထားသော မဲများအပြင် အဆုံးအဖြတ်မဲကိုလည်း ထပ်မံပေးနိုင်သည်။

မဲပေးသည့်နည်းလမ်း

၆၂။ အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်တိုင်းကို လက်ပြမဲပေးခြင်းမပြုမီ သို့မဟုတ် မဲရလာဒ်ကို ကြေညာခြင်းမပြုမီ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မဲခွဲဆုံးဖြတ်ခြင်းပြုလုပ်ရန် တောင်းဆိုခြင်းမပြုလျှင် လက်ပြမဲပေးခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။

မဲခွဲဆုံးဖြတ်ခြင်းကို တောင်းဆိုခြင်း

၆၃။ အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ချက်တစ်ခုကို မဲခွဲဆုံးဖြတ်ခြင်းဖြင့် အဆုံးအဖြတ်ခံရန် အောက်တွင် ဖော်ပြထားသူများက တောင်းဆိုနိုင်သည်။

(က) အထွေထွေအစည်းအဝေးတွင် တက်ရောက်ပြီး ဆုံးဖြတ်ချက်အတွက် မဲပေးပိုင်ခွင့်ရှိသော ဘဏ်တွင်ပါဝင်သူအစုရှင်အနည်းဆုံး (၅)ဦး။

(ခ) အထွေထွေအစည်းအဝေးတွင် တက်ရောက်သော ဘဏ်တွင် ပါဝင်သူ အစုရှင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပါဝင်သူများ ဖြစ်ရမည့်အပြင် ဆုံးဖြတ်ချက်ကို မဲခွဲဆုံးဖြတ်ခြင်းပြုရာတွင် မဲ ၁၀% ထက် မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသူများ။

(ဂ) အစည်းအဝေးဥက္ကဋ္ဌ။

မဲခွဲဆုံးဖြတ်ခြင်း

၆၄။ အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခြင်းပြုရန် တောင်းဆိုလာပါက အစည်းအဝေးဥက္ကဋ္ဌသည်-

(က) မဲခွဲဆုံးဖြတ်ခြင်းဆောင်ရွက်ရန် အပြုအမူ၊ နေ့ရက်နှင့်အချိန်တို့ကို ဆုံးဖြတ်သတ်မှတ်ပေးရမည်။

(ခ) အစုရှယ်ယာပိုင်ဆိုင်မှုအရ ပေးခွင့်ရှိသည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲနှင့် ကန့်ကွက်မဲအရေအတွက်တို့ကို သေချာမှန်ကန်အောင် စစ်ဆေးရေတွက်ရမည်။

(ဂ) မဲကိုခွင့်ပြုရန် သို့မဟုတ် ငြင်းပယ်ရန် အငြင်းပွားရာတွင် အဆုံးအဖြတ်ပြုရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် သဘောရိုးနှင့် ဆောင်ရွက်ပါက ဆုံးဖြတ်ချက်သည် အပြီးသတ် နှင့် အတည်ဖြစ်သည်။

ဆန္ဒမဲများ

၆၅။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အစုရှယ်ယာအမျိုးအစား၏ မဲပေးခြင်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးများနှင့် ကန့်သတ်ချက်များကို အထောက်အထားပြုလိုက်နာလျက်-

(က) လက်ပြမဲပေးခြင်းပြုရာတွင် အစည်းအဝေးတက်ရောက်သော ဘဏ်တွင် ပါဝင်သူအစုရှင်တိုင်း ဆန္ဒမဲ တစ်မဲကျစီဖြစ်ပြီး။

(ခ) မဲခွဲဆုံးဖြတ်ခြင်းပြုရာတွင် အစည်းအဝေးတက်ရောက်သော ဘဏ်တွင် ပါဝင်သူ အစုရှင်တိုင်းသည် အပြည့်အဝပေးချေပြီးသော အစုရှယ်ယာ တစ်ခုအတွက် ဆန္ဒမဲတစ်မဲကျစီဖြစ်ခြင်း။

၆၆။ မဲခွဲဆုံးဖြတ်ခြင်းပြုရာတွင် တစ်မဲထက်ပိုပေးခွင့်ရှိသူသည် ၄င်းဆန္ဒအရ မဲအားလုံး ပေးရန်မလိုပါ။

ကိုယ်စားလှယ်ကမဲပေးခြင်း

၆၇။ အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရှိသော ဘဏ်တွင် ပါဝင်သူ အစုရှင်သည် ကိုယ်စားလှယ်ခန့်အပ်နိုင်ပြီး ယင်းကိုယ်စားလှယ်သည် ဘဏ်တွင်ပါဝင်သူ အစုရှင် ကိုယ်စား အစည်းအဝေးတက်ရောက်နိုင်ပြီး ကိုယ်စားမဲလည်းပေးခွင့်ရှိသည်။

၆၈။ ကိုယ်စားလှယ်သည် မဲခွဲဆုံးဖြတ်ခြင်း ပြုလုပ်ရန် တောင်းဆိုနိုင်သည် သို့မဟုတ် တောင်းဆိုခြင်းတွင် ပါဝင်နိုင်သည်။

၆၉။ အထွေထွေအစည်းအဝေးတွင် တက်ရောက်လျက်ရှိသော ဘဏ်တွင် ပါဝင်သူအစုရှင်သည် ၄င်းအတွက် အစည်းအဝေးတက်ရောက်ရန်နှင့် မဲပေးရန် ကိုယ်စားလှယ်ခန့်ထားပါက ယင်းကိုယ်စားလှယ်သည်-

(က) ဘဏ်တွင် ပါဝင်သူအစုရှင်ကိုယ်တိုင် တက်ရောက်နေစဉ် တစ်လျှောက်လုံး ၄င်း၏ ပြောဆိုခွင့်ကို ဆိုင်းငံ့ထားရမည်။

(ခ) ဘဏ်တွင်ပါဝင်သူအစုရှင်အတွက် မဲပေးရန်ကိုမူ ဘဏ်တွင် ပါဝင်သူအစုရှင်ရှိနေသည့် အတွက်ဆိုင်းငံ့ရန်မလိုဘဲ ဘဏ်တွင်ပါဝင်သူအစုရှင်က ကိုယ်တိုင်ကိုယ်ကျ မဲပေးသည့် အခါမှသာ ယင်းကိုယ်စားလှယ်၏ မဲပေးခွင့်ကို ရုပ်သိမ်းသည်။

၇၀။ ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို အထောက်အထားပြုလိုက်နာလျက် ကိုယ်စားလှယ်သည် အထွေထွေအစည်းအဝေး၌ အဆိုပြုဆုံးဖြတ်ချက်ကို မဲပေးခြင်း၊ မဲမပေးဘဲနေခြင်းကို ၄င်းဆန္ဒအတိုင်း ရွေးချယ်ဆောင်ရွက်နိုင်သည်။ သို့သော် ၄င်းအား ကိုယ်စားလှယ်အဖြစ် ခန့်အပ်သည့် စာချုပ်တွင် ကိုယ်စားလှယ်သည် မဲပေးရမည် သို့မဟုတ် မဲမပေးဘဲနေရမည်ဟု ညွှန်ကြားထားပါက ညွှန်ကြားသည့်အတိုင်း ပြုလုပ်ရမည်။

ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသောရှေ့နေ သို့မဟုတ် ဘဏ်ကိုယ်စားပြုပုဂ္ဂိုလ်တို့က မဲပေးခြင်း၏ တရားဝင်မှု

၇၁။ ဘဏ်သည် အထွေထွေအစည်းအဝေးမစမီ သို့မဟုတ် ပြန်လည်ကျင်းပချိန်မတိုင်မီ စာဖြင့်ရေးသားအကြောင်းကြားစာ မရရှိပါက ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသောရှေ့နေ၊ အဖွဲ့အစည်းကိုယ်စားပြုပုဂ္ဂိုလ်တို့က ပေးသည့်မဲသည် ဘဏ်တွင် ပါဝင်သူအစုရှင်သည် အောက်ပါအတိုင်း ဖြစ်ပွားခဲ့သည့်တိုင် ယင်းတို့ပေးသည့် မဲသည် တရားဝင်သည်-

(က) သေဆုံးခဲ့ခြင်း။

(ခ) စိတ်ပေါ့သွပ်သွားခဲ့ခြင်း။

(ဂ) ခန့်အပ်ထားမှု သို့အဟုတ် အခွင့်အာဏာပေးအပ်မှုကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း။

(ဃ) တတိယပုဂ္ဂိုလ်၏ ခန့်အပ်မှုအခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း။

(င) ခန့်အပ်ခြင်း၊ သို့မဟုတ် အခွင့်အာဏာ အပ်နှင်းခြင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာများကို လွှဲပြောင်းခဲ့ခြင်း။

ပေးချေခြင်းမပြုရသေးသည့် အစုရှယ်ယာများအတွက် မဲပေးခြင်း

၇၂။ ဘဏ်တွင် ပါဝင်သူအစုရှင်သည် အစည်းအဝေးကျင်းပချိန်တွင် ဘဏ်သို့ ၄င်းရယူထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကာလစေ့ရောက်နေပြီး ပေးချေခြင်းမပြုရသေးပါက ထိုအစုရှယ်ယာအတွက် အထွေထွေအစည်းအဝေးတွင် မဲမပေးနိုင်ပါ။

အစုရှယ်ယာပူးတွဲပိုင်ဆိုင်သူများက မဲပေးခြင်း

၇၃။ အပိုဒ်-၇၄ ကို အထောက်အထားပြု လိုက်နာလျက်အစုရှယ်ယာပူးတွဲ ပိုင်ဆိုင်သောပူးတွဲအစုရှယ်ယာရှင်တစ်ဦးသည် အထွေထွေအစည်းအဝေးတွင် အဆိုပြု ဆုံးဖြတ်ချက်အပေါ် ပူးတွဲအစုရှင် ဖြစ်သည့် အားလျော်စွာ အစုရှယ်ယာများ အားလုံးအတွက် မဲပေးနိုင်သည်။

၇၄။ အထွေထွေအစည်းအဝေးတွင် ပူးတွဲအစုရှယ်ယာရှင် တစ်ဦးထက်ပို၍ အစည်းအဝေးတက်ရောက်ပါက မဲပေးရာတွင် မှတ်ပုံတင်စာရင်း၌ ဦးစွာအမည်စာရင်းပါဝင်သူ ပူးတွဲ အစုရှယ်ယာရှင်၏ မဲကိုသာ ထည့်သွင်းတွက်ရမည်။

တစ်ဆင့်ခံလွှဲပြောင်းရရှိသူမှ မဲပေးခြင်း

၇၅။ အစုရှယ်ယာတစ်ဆင့်ခံလွှဲပြောင်းရရှိခြင်းကြောင့် အစုရှယ်ယာပိုင်ဆိုင်ခွင့်ရှိသူသည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအတိုင်း လိုက်နာကျင့်သုံး၍ အထွေထွေအစည်းအဝေး (သို့မဟုတ် ရွှေ့ဆိုင်းသည့်အစည်းအဝေး) မစတင်မီ အနည်းဆုံး ၄၈ နာရီ ကြိုတင်၍ ဒါရိုက်တာများက တောင်းဆိုသည့် သက်သေခံချက်များကို ဘဏ်ထံပေးပို့ပါက ထိုသူသည် အစုရှယ်ယာ (အစုရှယ်ယာအလိုက်မဲပေးခြင်း အပါအဝင်)နှင့် စပ်လျဉ်း၍ အစည်းအဝေးတွင် အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းပြီးသူသကဲ့သို့ အခွင့်အရေးများကို ကျင့်သုံးခွင့်ရှိသည်။

ရပိုင်ခွင့်နှင့် မဲပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်

၇၆။ မဲပေးသူတစ်ဦးဦး၏အရည်အချင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်းကို ယင်းသို့ ကန့်ကွက်ခြင်းခံရသည့် မဲပေးသော သို့မဟုတ် မဲထည့်သော အစည်းအဝေး၌ သို့မဟုတ် ရွှေ့ဆိုင်းကျင်းပသည့် အစည်းအဝေး၌သာ ပြုလုပ်ရမည်။ ထိုအစည်းအဝေး၌ ပယ်မချသည့်မဲသည် ကိစ္စအားလုံးအတွက် အတည်ဖြစ်စေရမည်။ ထိုကန့်ကွက်ချက်ကို အစည်းအဝေး၏ ဥက္ကဋ္ဌအားဆုံးဖြတ်ရန် အချိန်မီလွှဲရမည်။ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

အခန်း(၁၂)

ကိုယ်စားလှယ်များ

ကိုယ်စားလှယ်ခန့်အပ်သည့် စာချုပ်

၇၇။ ကိုယ်စားလှယ်ခန့်အပ်သည့် စာချုပ်ကို စာဖြင့်ရေးသား၍ ခန့်အပ်သူက လက်မှတ်ရေးထိုးရမည် ဖြစ်ပြီး အဖွဲ့အစည်းတွင်ပါဝင်သူများ၏ အမည်နှင့်နေရပ်လိပ်စာ၊ အဖွဲ့အစည်းအမည်၊ ကိုယ်စားလှယ်၏ အမည်၊ ကိုယ်စားလှယ်လွှဲစာကို အသုံးပြုမည့် အစည်းအဝေးများ (အစည်းအဝေးအားလုံး ဖြစ်နိုင်သည်) စသည်တို့ပါဝင်ရမည်။

ကိုယ်စားလှယ်ခန့်အပ်ခြင်းကို ဘဏ်သို့တင်ပြခြင်း

၇၈။ လက်မှတ်ရေးထိုးထားသော ကိုယ်စားမဲပေးရန် ခန့်အပ်သည့် ကိုယ်စားလှယ်လွှဲစာ (ရှိလျှင်) ကို အထွေထွေအစည်းအဝေး မကျင်းပမီအနည်းဆုံး (၇၂) နာရီ ကြိုတင်၍ ဘဏ်က လက်ခံရရှိပြီး ဖြစ်ရမည့်အပြင် အောက်ပါအတိုင်း ပေးပို့နိုင်သည်-

(က) ရုံးသို့ပေးပို့၍လည်းကောင်း။

(ခ) ရုံးသို့ဖက်စ်ဖြင့်လည်းကောင်း၊ အစည်းအဝေး၏ အကြောင်းကြားစာတွင် ဤကိစ္စအလို့ငှာ သတ်မှတ်ဖော်ပြထားသော ဖက်စ်နံပါတ်သို့ပေးပို့၍လည်းကောင်း။

(ဂ) အစည်းအဝေး၏အကြောင်းကြားစာတွင် ဤကိစ္စအလို့ငှာ သတ်မှတ်ဖော်ပြထားသော အီလက်ထရောနစ် လိပ်စာသို့အီးလ်မေးလ်ဖြင့်လည်းကောင်း၊ အခြားအီလက်ထရောနစ် နည်းလမ်းဖြင့် ပေးပို့၍လည်းကောင်း။

(ဃ) အစည်းအဝေး၏ အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသော မည်သည့် နည်းလမ်းဖြင့် မဆိုလည်းကောင်း၊ ဘဏ်မှအချိန်နှင့် တပြေးညီ အသိပေးထားသည့် သို့မဟုတ် ဥပဒေအရ ခွင့်ပြုနိုင်သည့် နည်းဖြင့်လည်းကောင်း။

ကိုယ်စားလှယ်၏ တရားဝင်မှု

၇၉။ ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အထောက်အထား ပြုလိုက်နာလျက် ကိုယ်စားမဲပေးရန် ခန့်အပ်သည့်စာ သို့မဟုတ် ကိုယ်စားလှယ် လွှဲစာ (ရှိလျှင်) ယင်းတို့၏ တရားဝင်မှုနှင့်စပ်လျဉ်း၍ အထွေထွေအစည်းအဝေး ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက် ၄င်းမရှိပါက ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် အတည်ဖြစ်သည်။

အခန်း (၁၃)

ဘုတ်အဖွဲ့

ဒါရိုက်တာများ၏ အရေအတွက်

၈၀။ ဘုတ်အဖွဲ့တွင်ဒါရိုက်တာများ၏ အရေအတွက်သည် ဥက္ကဋ္ဌအပါအဝင် ငါးဦးထက်မနည်း တစ်ဆယ့် ငါးဦး ထက် မများစေရ။ အဖွဲ့ဝင်(၁၁)ဦးထက် မပိုသော ဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင် အမှုဆောင် မဟုတ်သော သီးခြားလွတ်လပ်သောဒါရိုက်တာ အနည်းဆုံးတစ်ဦး နှင့် အဖွဲ့ဝင်(၁၁)ဦး ထက်ပိုသော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းလျှင် အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သောဒါရိုက်တာ အနည်းဆုံးနှစ်ဦးအား ခန့်အပ်ရမည်။

ဒါရိုက်တာများသည် လူပုဂ္ဂိုလ်ဖြစ်ရန်

၈၁။ ဒါရိုက်တာများသည် လူပုဂ္ဂိုလ်ဖြစ်ရမည်။

ဒါရိုက်တာများ၏ အရည်အချင်းများ

၈၂။ ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာ ကနဦးတန်ဖိုး/မူလတန်ဖိုး ကျပ်၁၀၀၀၀တန် အစုရှယ်ယာ အနည်းဆုံး ၁၀၀၀၀စု ပိုင်ဆိုင်ရမည်ဖြစ်ပြီး ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၆၆ နှင့်အညီ ဘဏ်၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်များကို ကျေပွန်စွာ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၁၇၅ပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အခါအားလျော်စွာသတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းကိုလည်း လိုက်နာရန် တာဝန်ရှိသည်။ ထို့အပြင် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈၀ နှင့်အညီ ဒါရိုက်တာများတွင် အောက်ဖော်ပြပါ ပေးရန်တာဝန်များရှိသည်။

(က) ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈၀ နှင့် အခြားဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းသတ်မှတ်သည့် ပေးရန်တာဝန်များအပြင် ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ၎င်း၏ လုပ်ငန်းတာဝန်များး ဆောင်ရွက်ရာတွင် အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့် ဖြစ်စေ ဘဏ်တွင်သော်လည်းကောင်း၊ ဘဏ်၌ ငွေအပ်နှံသူ အခြား ပုဂ္ဂိုလ်တွင်သော်လည်းကောင်း ဖြစ်ပေါ်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပေးလျော် ရန်တာဝန်ရှိသည်။

(ခ) ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈၀ ပါ ပုဂ္ဂိုလ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၏ အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် အဆိုပါလွှဲအပ်တာဝန်ပေးသူနှင့် လွှဲအပ်တာဝန်ပေးခြင်း

ခံရသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ပေးလျော်ရန် တာဝန်ရှိစေရမည်။

(ဂ) ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈၀ အရ ဒါရိုက်တာ သို့မဟုတ် အရာရှိထံမှ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ပေးလျော်ရန် ဆောင်ရွက်ချက်များကို ပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှုဖြစ်ပေါ်ပြီး သုံးနှစ်အတွင်း စတင်ပြုလုပ်ရမည်။

ဒါရိုက်တာများ၏ ရာထူးသက်တမ်း

၈၃။ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာတစ်ဦး၏သက်တမ်းသည် သုံးနှစ်ဖြစ်ပြီး တစ်ဆက်တည်း သုံးကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်ခြင်းမပြုရ။

ဒါရိုက်တာကို ခန့်ထားခြင်းနှင့် ဖယ်ရှားခြင်း

၈၄။ ဒါရိုက်တာများကို အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဘဏ်တွင် ပါဝင်သူ အစုရှင်များက ခန့်အပ်ရမည်။ ဒါရိုက်တာတစ်ဦးဦးအား ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ခေါ်ယူကျင်းပသော အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်၍ဖြစ်စေ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်၍ဖြစ်စေ ဒါရိုက်တာတစ်ဦးဦးကို ဖယ်ရှားနိုင်သည်။

၈၅။ ဘဏ်သည် ဒါရိုက်တာအဖြစ် ခန့်အပ်ရန်ရည်ရွယ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း(၃၀)မပြည့်မီ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

၈၆။ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိများသည် ဘဏ်၏လက်အောက်ခံ အဖွဲ့အစည်းမှအပ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တပြိုင်တည်း တာဝန်ထမ်းဆောင်ခြင်း မပြုရ။

အမှုဆောင်ဒါရိုက်တာနှင့် အမှုဆောင်မဟုတ်သော ဒါရိုက်တာများ

၈၇။ ဘုတ်အဖွဲ့သည် ဒါရိုက်တာများအနက်မှ အမှုဆောင်ဒါရိုက်တာများကို ရွေးချယ်တာဝန်ပေးနိုင်သည်။ အမှုဆောင်ဒါရိုက်တာဆိုသည်မှာ ဘဏ်၏ လုပ်ငန်းကိစ္စအဝဝတွင် တိုက်ရိုက်စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်သည့် ဒါရိုက်တာကို ဆိုလိုသည်။ အမှုဆောင် မဟုတ်သောဒါရိုက်တာ ဆိုသည်မှာ ဘဏ်၏လုပ်ငန်းကိစ္စအဝဝတွင် တိုက်ရိုက်စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်ခြင်း မပြုသည့် ဒါရိုက်တာကိုဆိုလိုသည်။

အမှုဆောင်မဟုတ်သောသီးခြားလွတ်လပ်သောဒါရိုက်တာများ

၈၈။ ဘဏ်သည် ဘဏ်တွင်ပါဝင်သော အစုရှင်များ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အလို့ငှာ လွတ်လပ်စွာဆောင်ရွက်နိုင်သော အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာများကို ခန့်အပ်နိုင်သည်။ သီးခြားလွတ်လပ်သောဒါရိုက်တာ၏ သက်တမ်းသည် ဒါရိုက်တာများနည်းတူ သုံးနှစ်ဖြစ်ပြီး တစ်ဆက်တည်း သုံးကြိမ်ထက်ပို၍ သက်တမ်းတိုးမြှင့်ခြင်းမပြုရ။ အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာများ ခန့်အပ်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ခန့်အပ်ရမည်။

ဘုတ်အဖွဲ့က လစ်လပ်နေရာများကို ဖြည့်စွက် ခန့်ထားခြင်းနှင့် နောက်ထပ်ဒါရိုက်တာများ ခန့်အပ်နိုင်ခြင်း

၈၉။ ဒါရိုက်တာများအနက် ရုတ်တရက်လစ်လပ်သွားသော ဒါရိုက်တာနေရာတွင် အဆိုပါ ဒါရိုက်တာများသည် အစည်းအဝေးအထမြောက်စေမည့် အရေအတွက်ကို မပါဝင်သော်လည်း ထိုသို့ လစ်လပ်သွားသောနေရာအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်အတည်ပြုချက်ဖြင့် ဘုတ်အဖွဲ့က ဖြည့်စွက်ခန့်ထားရမည်။ သို့သော် ထိုသို့ခန့်အပ်ရသည့်အတွက် အဆိုပါခန့်အပ်မှုကို ပြုလုပ်ပြီး နောက်တွင် ကျင်းပသည့်ဘဏ်၏ အထွေထွေအစည်းအဝေး၌ ဘဏ်တွင်ပါဝင်သူ အစုရှင်များ၏ အတည်ပြုချက်ကို ရယူရမည်။ အဆိုပါအစည်းအဝေးအား ခန့်အပ်မှုပြုလုပ်ပြီးနောက် ခြောက်လအတွင်း ခေါ်ယူကျင်းပရမည်။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသည့် အများဆုံး ဒါရိုက်တာဦးရေထက် ကျော်လွန်ခန့်အပ်ခွင့်မရှိပါ။

၉၀။ ဘုတ်အဖွဲ့သည် အောက်ဖော်ပြပါ ကော်မတီနှင့် ဆပ်ကော်မတီများကို တစ်ခုဖြစ်စေ တစ်ခုထက်ပို၍ ဖြစ်စေ လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(က) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ

(ခ) ချေးငွေကော်မတီ

(ဂ) လစာချီးမြှင့်ရေးကော်မတီ

(ဃ) စာရင်းစစ်ကော်မတီ

(င) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကော်မတီ

အများပြည်သူ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ခြင်း

၉၁။ ဘဏ်၏ ဘုတ်အဖွဲ့ဝင်များ၊**အ**ရာရှိများနှင့် အစုရှယ်ယာရှင်များသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့ တည်ထောင်ထားသော အရင်းအနှီးဈေးကွက်ကို ထိန်းသိမ်းရန်နှင့် အများပြည်သူအကျိုးစီးပွားနှင့် ဘဏ်၏အကောင်းဆုံး အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ရန်တို့ကို အမြဲဆောင်ရွက်ကြရမည်။

ဘုတ်အဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များ

၉၂။ ဘဏ်၏ဘုတ်အဖွဲ့သည် ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၆၀ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ဘုတ်အဖွဲ့၏ညွှန်ကြားချက်နှင့်အညီ ဘဏ်၏ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲရန် တာဝန်ရှိသည်။ ဘဏ်၏ စီမံခန့်ခွဲရေးတာဝန်သည် ဘုတ်အဖွဲ့တွင်ရှိသည်။ ဘုတ်အဖွဲ့သည် ဘဏ်၏ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ပြီး ဘဏ်၏ ဆောင်ရွက်ချက်များကို လမ်းညွှန်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ပြုလုပ်ရမည်။ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများသည် ဘဏ်ကို တည်ထောင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့အတွက် ကျခံသုံးစွဲထားသည့်ကုန်ကျစရိတ်များ၊ သုံးစရိတ်များပေးချေခြင်း၊ ပေးချေစေခြင်းများ ပြုလုပ်နိုင်သည်။

၉၃။ ဘုတ်အဖွဲ့သည် ဒါရိုက်တာအဖွဲ့ဝင်များ၏ မဲအများစုဖြင့် နှစ်စဉ် ဒါရိုက်တာများထဲမှ ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်ခန့်အပ်ရမည်။ ဒု-ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်ခန့်အပ်နိုင်သည်။ သင့်လျော်သော အချိန်ကာလနှင့် သင့်လျော်သော ထောက်ပံ့ကြေး(လခစား သို့မဟုတ် ကော်မရှင် သို့မဟုတ် အမြတ်ဝေစုခံစားခွင့် သို့မဟုတ် တစ်မျိုးစီကို တစ်စိတ်တစ်ဒေသခံစားခွင့်)ကို ဘုတ်အဖွဲ့က သင့်လျော်သည်ဟု ထင်မြင်သည့်သတ်မှတ်ချက်အတိုင်း ပေးနိုင်သည်။

၉၄။ ဘုတ်အဖွဲ့သည် ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌ၊ အမှုဆောင်ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်တို့ အနက်မှ တစ်ဦးဦးကိုသော်လည်းကောင်း၊ ပူးတွဲ၍သော်လည်းကောင်း၊ ကိစ္စရပ်တစ်ခုခုဆောင်ရွက်ရန် လုပ်ပိုင်ခွင့်အာဏာပေးအပ်လျက် တာဝန်ပေးနိုင်သည်။ ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုနှင့် အရေးကြီးသော ပဋိညာဉ်စာချုပ်များ ချုပ်ဆိုခြင်းနှင့် အခြားကုမ္ပဏီအဖွဲ့အစည်းနှင့် ပူးပေါင်းဖက်စပ်လုပ်ကိုင်ခြင်းကိစ္စရပ်များတွင် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ရယူပြီးမှသာ လုပ်ကိုင်ရမည်။

၉၅။ ဒါရိုက်တာတစ်ဦးသည် အောက်ပါကိစ္စတစ်ခုခု ပေါ်ပေါက်လျှင် ဒါရိုက်တာရာထူးတွင် ထမ်းဆောင်ခြင်းမှ ရပ်စဲရမည်။

(က) ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ရေးအတွက် လိုအပ်သော အစုရှယ်ယာပိုင်ဆိုင်မှု သတ်မှတ်ချက်ရှိပါက ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၇၅၊ ပုဒ်မခွဲ (က)တွင်

သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကာလနောက်ပိုင်း ကာလတစ်ရပ်ရပ်တွင် ထားရှိရန်ပျက်ကွက်ခဲ့လျှင်၊

(ခ) စီရင်ပိုင်ခွင့်အာဏာရှိသောတရားရုံးတစ်ခုခုကစိတ်ပေါ့သွပ်သောသူဖြစ်ကြောင်းတွေ့ရှိခဲ့လျှင်၊

(ဂ) ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်း ဆုံးဖြတ်ခြင်းခံရလျှင်၊

(ဃ) အစုရှယ်ယာများအတွက် ငွေပေးချေရန် တောင်းခေါ်မှုပြုလုပ်သည့်နေ့မှ ခြောက်လအတွင်း ဒါရိုက်တာများ ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ် တောင်းဆိုသည့်ငွေအား ပေးချေရန်ပျက်ကွက်လျှင်၊

(င) တစ်ဆက်တစ်စပ်တည်းပြုလုပ်သော ဒါရိုက်တာများအစည်းအဝေး သုံးရပ် သို့မဟုတ် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပြက္ခဒိန်လ သုံးလ၊ ယင်းတို့အနက် ပိုမိုကြာမြင့်သည့် ကာလအတွင်း ကျင်းပပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေးအားလုံးသို့ ဒါရိုက်တာအဖွဲ့ထံမှ ခွင့်ယူခြင်းမရှိဘဲ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာအား ခန့်အပ်ခြင်းမပြုဘဲ တက်ရောက်ရန် ပျက်ကွက်လျှင်၊

(စ) ဘဏ်သို့ စာဖြင့်ရေးသားအကြောင်းကြား၍ ဒါရိုက်တာအဖြစ် ၎င်း၏ ရာထူးနေရာမှ နှုတ်ထွက်လျှင်၊

(ဆ) သေဆုံးခဲ့လျှင်၊

(ဇ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် အညီ လုပ်ငန်းမှ ဖယ်ရှားခြင်းခံရလျှင်၊

(စျ) ဤဥပဒေပါပြဋ္ဌာန်းချက်များ သို့မဟုတ် ဘဏ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့် အရည်အချင်းတစ်ရပ်ရပ်ကို ရရှိရန် သို့မဟုတ် ညီညွတ်ရန် ပျက်ကွက်လျှင်၊

၉၆။ ဘဏ်သည် ဒါရိုက်တာရာထူးတာဝန်ထမ်းဆောင်ရန် ပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုဒါရိုက်တာကို ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားရမည်။

ဘုတ်အဖွဲ့အလှည့်ကျဆောင်ရွက်ခြင်း

၉၇။ ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဘဏ်၏ ပထမဦးဆုံးသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဘုတ်အဖွဲ့ဝင်အားလုံး နှုတ်ထွက်ပေးရမည်။ ယင်းနောက် နှစ်စဉ်ကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတိုင်းတွင် ယင်းကာလ၌ ဆောင်ရွက်နေသော ဘုတ်အဖွဲ့၏ သုံးပုံ တစ်ပုံ သို့မဟုတ် အကယ်၍

အရေအတွက်သည် သုံးနှင့်စား၍ မပြတ်လျှင် အနီးစပ်ဆုံး သုံးပုံ တစ်ပုံ ဖြစ်သော ဘုတ်အဖွဲ့၏ အရေအတွက်သည် နူတ်ထွက်ပေးရမည်။

၉၈။ ထိုသို့နှစ်စဉ်နှစ်တိုင်း ဒါရိုက်တာရာထူးမှ နူတ်ထွက်ပေးရမည့် ကိစ္စရပ်၌ ထိုရာထူးနေရာတွင် သက်တမ်း အကြာဆုံးတာဝန်ထမ်းဆောင်ပြီးသူဖြစ်ရမည်။ သို့ရာတွင် တစ်နေ့တည်းတွင် ဒါရိုက်တာများ အဖြစ်ရွေးချယ်ခံရသူများအကြား အနားယူရမည့်သူကို ရွေးချယ်ရာတွင် (အချင်းချင်း သဘောတူညီချက်အရမှတပါး) မဲနှိုက်၍ဆုံးဖြတ်ရမည်။

၉၉။ အနားယူသော ဒါရိုက်တာသည် ပြန်လည်အရွေးခံခွင့်ရှိစေရမည်။

၁၀၀။ ဘဏ်သည် အထက်ဖော်ပြပါနည်းလမ်းအတိုင်း ဒါရိုက်တာတစ်ဦးဦးက နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် နူတ်ထွက်သွားသည့်အခါ ထိုအစည်းအဝေး၌ပင် လစ်လပ်သွားသော ရာထူးနေရာကို ဒါရိုက်တာအရည်အချင်းပြည့်မီရန် သတ်မှတ်ထားသော အနည်းဆုံးအစုရှယ်ယာ ပိုင်ဆိုင်သူ ပုဂ္ဂိုလ်တစ်ဦးအား အစားထိုးရွေးချယ်နိုင်သည်။

၁၀၁။ ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၇၃ နှင့် ၁၇၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ဘဏ်သည် အထွေထွေအစည်းအဝေးများတွင် ဒါရိုက်တာများ အရေအတွက်တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်းကို အခါအားလျော်စွာပြင်ဆင်ခွင့်ရှိပြီး၊ ထိုသို့တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်း၌ မည်ကဲ့သို့ အလှည့်ကျနူတ်ထွက်ရမည့် အရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ခွင့်ရှိသည်။

၁၀၂။ ဘုတ်အဖွဲ့သည် ဤစည်းမျဉ်းများအရ ဒါရိုက်တာများသုံးစွဲနိုင်သည့် လုပ်ပိုင်ခွင့်များကို အမှုဆောင်ဒါရိုက်တာများအား ယင်းတို့ သင့်သည်ထင်မြင်သည့်အတိုင်း အခါအားလျော်စွာ အပ်နှင်းနိုင်သည်။ အဆိုပါ လုပ်ပိုင်ခွင့်များကို မိမိတို့သင့်လျော်သည်ထင်မြင်သည့် အချိန်ကာလအတွက် မိမိတို့သင့်လျော်သည်ဟုထင်မြင်သည့် ကိစ္စရပ်နှင့်ရည်ရွယ်ချက်များအလို့ငှာ သင့်လျော်သည်ထင်မြင်သည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များဖြင့် အပ်နှင်းနိုင်သည်။ အဆိုပါ လုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကို ဖြစ်စေ၊ အခါအားလျော်စွာ ပယ်ဖျက်ခြင်း၊ ရုတ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်း ပြုနိုင်သည်။

အမှုဆောင်အရာရှိချုပ်ခန့်အပ်ခြင်း

၁၀၃။ ဘုတ်အဖွဲ့သည် ၂၀၁၆ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီအမှုဆောင်အရာရှိချုပ်ကိုဒါရိုက်တာများထဲမှဖြစ်စေ၊ဒါရိုက်တာမဟုတ်သူကိုဖြစ်စေ

ခန့်အပ်ရမည်။လုပ်ငန်းလိုအပ်ချက်အရ ဒုတိယအမှုဆောင်အရာရှိချုပ်တစ်ဦးကိုလည်း ခန့်အပ်နိုင်သည်။

၁၀၄။ ဘဏ်သည် အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ရန်ရည်ရွယ်ကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ မပြည့်မီ အမည်စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

၁၀၅။ အမှုဆောင်အရာရှိချုပ်ခန့်အပ်ခြင်း နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

အမှုဆောင်အရာရှိချုပ်၏ အရည်အချင်းပျက်ယွင်းခြင်းနှင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း

၁၀၆။ ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ညီစွန်းလျှင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိစေရ။

(က) ရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မြတ်လျော်ကန်မှု မရှိသူဖြစ်ခြင်း၊

(ခ) ဗဟိုဘဏ်သို့ နည်းလမ်းတကျ အကြောင်းကြားခြင်းမရှိဘဲခန့်အပ်ထားသူ၊ ရွေးချယ်တင်မြှောက်ထားသူ သို့မဟုတ် အမည်စာရင်းတင်သွင်းထားသူဖြစ်ခြင်း၊

(ဂ) ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းအား ဗဟိုဘဏ်ကအတည်ပြုရန် ငြင်းပယ်ခြင်းခံရသူဖြစ်ခြင်း၊

(ဃ) ဘဏ်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် အရည်အချင်းမပြည့်သူ၊ အမြဲတမ်းမစွမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(င) ဘဏ်၏ ရည်ရွယ်ချက်များနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို တနည်းနည်းဖြင့်သိသာထင်ရှားစွာ ဆန့်ကျင်မှုပြုလုပ်လာသူဖြစ်ခြင်း၊

၁၀၇။ ဘဏ်သည် ၎င်း၏ အမှုဆောင်အရာရှိချုပ်က တာဝန်ထမ်းဆောင်ရန် အရည်အချင်း ပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုအမှုဆောင်အရာရှိချုပ်ကို ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားစာပေးပို့ရမည်။

အမှုဆောင်အရာရှိချုပ်၏ တာဝန်

၁၀၈။ အမှုဆောင်အရာရှိချုပ်သည် ဘုတ်အဖွဲ့ကသတ်မှတ်ထားသော စည်းမျဉ်းများကို လိုက်နာကျင့်သုံးရမည်။ ထို့အပြင်ဘုတ်အဖွဲ့က တောင်းခံလာပါက အမှုဆောင်အရာရှိချုပ်သည် ၎င်း၏ ထိန်းချုပ်မှု သို့မဟုတ် ၎င်းသိရှိသည့်ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အမှုကိစ္စများနှင့် အကြောင်းချင်းရာများကို ဘုတ်အဖွဲ့သို့တင်ပြရမည်။

အလှည့်ကျဒါရိုက်တာ

၁၀၉။ ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အထောက်အထားပြုလိုက်နာလျက် ဒါရိုက်တာတစ်ဦး ချင်းစီသည် အခြားဒါရိုက်တာများ၏ သဘောတူညီမှုဖြင့် လူတစ်ဦး(ဘဏ်တွင်ပါဝင်သူ အစုရှင် ထဲမှဖြစ်စေ၊ ဘဏ်တွင်ပါဝင်သူ အစုရှင်မဟုတ်သူထဲမှဖြစ်စေ)ကို ၎င်း၏နေရာတွင် အလှည့်ကျ ဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ပြီး ထိုဒါရိုက်တာက သတ်မှတ်ဆုံးဖြတ်သည့် ကာလအပိုင်းအခြား အတွက်လည်း ခန့်အပ်နိုင်သည်။ ခန့်အပ်ခြင်းကို ခန့်အပ်သည့်ဒါရိုက်တာက လက်မှတ်ရေးထိုးပြီး ခန့်အပ်စာမိတ္တူကို ဘဏ်ရုံးခန်းသို့ လည်းကောင်း ဘုတ်အဖွဲ့အစည်းအဝေးသို့လည်းကောင်း ပေးပို့ ရမည်။

၁၁၀။ မည်သည့်အလှည့်ကျဒါရိုက်တာမဆို

(က) ရာထူးမှ ဖယ်ရှားခြင်း သို့မဟုတ် ခေတ္တရပ်နားခြင်းကို ၎င်းအားခန့်အပ်သည့် ဒါရိုက်တာ (ခန့်ထားသူ)က ဘဏ်သို့ စာဖြင့်ရေးသားသည့် အကြောင်းကြားစာပေးပို့ကာ ပြုလုပ်နိုင်သည်။

(ခ) အကြောင်းကြားစာ လက်ခံပိုင်ခွင့်၊ ဒါရိုက်တာအစည်းအဝေးသို့ (၎င်းအားခန့်အပ်သူမရှိက) တက်ရောက်ပိုင်ခွင့်ရှိပြီး ဘုတ်အဖွဲ့အစည်းအဝေးတွင် အစည်းအဝေးထမြောက်ရန် အနည်းဆုံး လိုအပ်သည့်ဦးရေတွင် ထည့်သွင်းရေတွက်ခံနိုင်သည်။

(ဂ) ၎င်းတက်ရောက်သည့် ဘုတ်အဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်အားလုံးအတွက် မဲပေးပိုင် ခွင့်ရှိသည့် ၎င်းအား ခန့်အပ်သူဒါရိုက်တာ မဲပေးခွင့်ရှိသကဲ့သို့ အလှည့်ကျဒါရိုက်တာလည်း ကိုယ်ပိုင်အခွင့်အရေးအရ မဲပေးနိုင်သည်။ အလှည့်ကျဒါရိုက်တာသည် ကိုယ်တိုင် ဒါရိုက်တာ တစ်ဦးဖြစ်ပါက ၎င်းအား ကိုယ်ပိုင်မဲပေးနိုင်သည့်အပြင် အလှည့်ကျဒါရိုက်တာအဖြစ် ကိုယ်ပိုင်မဲလည်း ပေးနိုင်သည်။

(ဃ) မည်သည့်အစုရှယ်ယာမှ ပိုင်ဆိုင်ရန် မလိုပါ။

(င) ခန့်အပ်သည့် စည်းကမ်းချက်ကို အထောက်အထားပြု၍၊ ခန့်အပ်သူကျင့်သုံးခွင့်ရှိသော အခွင့်အာဏာများကို ခန့်အပ်သူမရှိပါက အလှည့်ကျဒါရိုက်တာအဖြစ် ကိုယ်ပိုင်ကျင့်သုံး ခွင့်ရှိသည်။ ထိုအလှည့်ကျဒါရိုက်တာသည် အလှည့်ကျဒါရိုက်တာ ခန့်အပ်ပိုင်ခွင့်မရှိပါ။

(စ) ခန့်အပ်သူ ရာထူးမှ ဖယ်ရှားခံရသည့်အခါ သို့မဟုတ် ဒါရိုက်တာအဖြစ်မှ ရပ်စဲသည့်အခါ အလှည့်ကျ ဒါရိုက်တာလည်း ရာထူးမှ အလိုအလျောက် ရပ်စဲသည်။

(ဆ) ဒါရိုက်တာအဖြစ်ဆောင်ရွက်စဉ်၎င်းသည် -

(၁) ဘဏ်၏ အရာရှိတစ်ဦးဖြစ်ပြီး ခန့်အပ်သူဒါရိုက်တာ၏ ကိုယ်စားလှယ်မဟုတ်ပါ။

(၂) အလှည့်ကျဒါရိုက်တာအဖြစ် ကိုယ်ပိုင်ဆောင်ရွက်ချက်နှင့် ပျက်ကွက်မှုများအတွက် ဘဏ်အပေါ်တွင် တာဝန်ရှိသည်။

(၉) ဘဏ်မှ မည်သည့်အခကြေးငွေမှ ရခွင့်မရှိပါ။ ဒါရိုက်တာအစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးများ၊ အထွေထွေအစည်းအဝေးများစသည့် အစည်းအဝေးများ တက်ခြင်း၊ ပြန်ခြင်းတို့အတွက်လည်းကောင်း၊ ဘဏ်လုပ်ငန်းများနှင့် ဆက်စပ်၍ လည်းကောင်း၊ ခရီးသွားခြင်း၊ ကုန်ကျစရိတ်များ၊ အသုံးစရိတ်များအတွက် ရထိုက်ခွင့်ရှိပြီး ယင်းကိစ္စများအတွက် စိုက်ထုတ်ငွေ ပြန်ရခွင့်ရှိပါသည်။

(၈) ဒါရိုက်တာတစ်ဦးအတွက်ထက်ပိုပြီးအလှည့်ကျဒါရိုက်တာအဖြစ်လည်း ဆောင်ရွက်ခွင့် ရှိသည်။

ဘုတ်အဖွဲ့၏ အခကြေးငွေ

၁၁၁။ ဒါရိုက်တာများသည် ဒါရိုက်တာများအဖြစ် ပန်ဆောင်မှုပေးခြင်းအတွက် အခကြေးငွေ ရထိုက်ခွင့် ရှိသည်။

၁၁၂။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ အထွေထွေအစည်းအဝေးများတွင် ဘဏ်၏ တားမြစ်ကန့်သတ်ချက်များကို လိုက်နာလျက် ဒါရိုက်တာတစ်ဦးချင်းစီနှင့် သဘောတူစည်းကမ်း ချက်ရှိသည့်အတိုင်း ဘုတ်အဖွဲ့သည် အောက်ပါအတိုင်းဆုံးဖြတ်နိုင်သည်-

(က) ဒါရိုက်တာတစ်ဦးချင်းစီသို့ပေးရန် အခကြေးငွေပမာဏနှင့် ပေးရန်ပုံစံ သို့မဟုတ်။

. (ခ) အခကြေးငွေကို ဒါရိုက်တာများသို့ စုပေါင်းပေးရန်နှင့် ပေးရန်ပုံစံကို သတ်မှတ်ပြီး ဘုတ်အဖွဲ့ကဌင်းတို့အား စုပေါင်းပေးသည့်အခကြေးငွေကို အချိုးအစားအလိုက် ဌင်းတို့ သဘောတူဆုံးဖြတ်သည့်အတိုင်း ခွဲဝေယူကြရန်ဖြစ်သည်။ ထိုသို့ သဘောတူသတ်မှတ်နိုင်ခြင်း မရှိက အညီအမျှခွဲဝေယူကြရန်ဖြစ်သည်။

ဒါရိုက်တာများ၏ အသုံးစရိတ်များ

၁၁၃။ ဒါရိုက်တာများသည် အခကြေးငွေအပြင် ဘုတ်အဖွဲ့အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ ကော်မတီ အစည်းအဝေးများ၊ အထွေထွေအစည်းအဝေးများစသည့် အစည်းအဝေးများ တက်ရောက်ခြင်း၊ ပြန်ခြင်းတို့အတွက်လည်းကောင်း၊ ဘဏ်လုပ်ငန်းများနှင့်ဆက်စပ်၍လည်းကောင်း၊ ခရီးသွားခြင်း၊ ကုန်ကျစရိတ်များ၊ အသုံးစရိတ်များအတွက် ရထိုက်ခွင့်ရှိပြီး ယင်းကိစ္စများအတွက် စိုက်ထုတ်ငွေ ပြန်ရခွင့်ရှိပါသည်။

အခန်း(၁၄)

ဒါရိုက်တာခန့်အပ်ခြင်း ပဋိညာဉ်စာချုပ်

ဒါရိုက်တာအဖြစ်ဆောင်ရွက်ခြင်းနှင့် ဘဏ်နှင့် စာချုပ်ချုပ်ဆိုခြင်းကို ကန့်သတ်ခြင်း

၁၁၄။ ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အထောက်အထားပြုလိုက်နာလျက်-

(က) ဘဏ်နှင့် အခြားသူများ၏ အကျိုးအလို့ငှာ ရာထူးနေရာတစ်ခုခုတွင် ထမ်းဆောင်နေသောဒါရိုက်တာများသည် အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။

(ခ) ဘဏ်နှင့် သို့မဟုတ် အခြားသူများနှင့်စာချုပ်ချုပ်ဆို၍ ဆောင်ရွက်ရာတွင် ဒါရိုက်တာ အရည်အချင်း ပျက်ယွင်းခြင်းမရှိစေရ။

(ဂ) ဤအခန်း-၁၄ တွင်ရည်ညွှန်းသော ပဋိညာဉ်စာချုပ် သို့မဟုတ် ဘဏ်ကလည်းကောင်း၊ ဘဏ်ကိုယ်စား လည်းကောင်း ၊ ချုပ်ဆိုသော ပဋိညာဉ်စာချုပ် သို့မဟုတ် စီမံချက်သည် ဒါရိုက်တာအကျိုးစီးပွားရှိခြင်းကြောင့် မပျက်ပြယ်စေရ။ ထိုပဋိညာဉ်စာချုပ် သို့မဟုတ် စီမံချက် သို့မဟုတ် အခန်း(၁၄)ပါ ရာထူးနေရာတွင် ထမ်းဆောင်မှုအရ မည်သည့်ဒါရိုက်တာမဆို ဘဏ်နှင့် ယုံမှတ်အပ်နှံခံထားရသည့်ဆက်သွယ်မှုရှိသည် သို့မဟုတ် ဒါရိုက်တာရာထူးရှိသည်ဆိုသော အကျိုးအမြတ်နှင့်စပ်လျဉ်း၍ ဘဏ်သို့ တာဝန်ခံခြင်းမရှိစေရ။

ဒါရိုက်တာသည်လုပ်ငန်းတာဝန်ဆောင်ရွက်နိုင်ခြင်း

၁၁၅။ ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အထောက်အထားပြုလိုက်နာလျက်၊ ဒါရိုက်တာသို့မဟုတ် ဒါရိုက်တာ၏ လုပ်ငန်းအဖွဲ့သည်ဘဏ်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အတတ်ပညာရှင်အဖြစ် ဆောင်ရွက်ခွင့်ရှိပြီး ထိုဆောင်ရွက်မှုအတွက် အခကြေးငွေရထိုက်ခွင့်ရှိသည်။

ဒါရိုက်တာများ၏အကျိုးခံစားခွင့်ပါရှိသော ပဋိညာဉ်စာချုပ်တွင် ဒါရိုက်တာများမဲပေးခွင့်ရှိခြင်း။

၁၁၆။ အပိုဒ် ၁၁၇ ကို အထောက်အထားပြု လိုက်နာလျက်၊ ဒါရိုက်တာသည် ဒါရိုက်တာ အကျိုးစီးပွားနှင့် (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ) ဆက်စပ်သော ပဋိညာဉ်စာချုပ် သို့မဟုတ် စီမံချက်နှင့် စပ်လျဉ်း၍ ဒါရိုက်တာများ အစည်းအဝေးတွင်တက်ရောက်ခွင့်နှင့် မဲပေးခွင့်ရှိပြီး အစည်းအဝေး အထမြောက်ရန် အနည်းဆုံးတက်ရောက်ရမည့် ဦးရေစာရင်းတွင် ထည့်သွင်းရေတွက်ခွင့်ရှိသည်။ အဆိုပါ စာချုပ် သို့မဟုတ် စီမံချက်တွင်တံဆိပ်ရိုက်ပြီး ဝင်ရောက်ချုပ်ဆိုခွင့် သို့မဟုတ် သက်ဆိုင်သည့် အခြားအပြုအမူများ ပါဝင်ပြုလုပ်ခွင့်ရှိသည်။ သို့ရာတွင် အခြားဒါရိုက်တာများက ထိုဒါရိုက်တာနှင့် အကျိုးခံစားခွင့်၏ အခြေအနေကိုဖော်ပြသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို အဆိုပါ အကျိုးခံစား

ခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု ကျေနပ်လက်ခံကြောင်းချမှတ်ရမည်။

အကျိုးခံစားခွင့်ပါရှိကြောင်း ဒါရိုက်တာကကြေညာခြင်း

၁၁၇။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မလိုအပ်သည့်အခါမှတစ်ပါး၊ ဘဏ်ရေးရာကိစ္စတွင် ပုဂ္ဂလိကအကျိုးခံစားခွင့်ရှိသောဒါရိုက်တာသည် ထိုသို့အကျိုးခံစားခွင့်ရှိသည်ကို သိသိချင်း အကျိုးခံစားခွင့်၏ သဘာဝနှင့်အတိုင်းအတာ၊ ဘဏ်ရေးရာကိစ္စနှင့် ဆက်နွယ်မှုစသည့် အသေးစိတ်အချက်များကိုဖော်ပြ၍ မြန်နိုင်သမျှမြန်မြန် ဒါရိုက်တာများထံသို့ ဒါရိုက်တာများအစည်းအဝေး၌ အကြောင်းကြားအသိပေးရမည်။

အကျိုးခံစားခွင့်ကို ဒါရိုက်တာက ကြေညာခြင်း

၁၁၈။ ဒါရိုက်တာသည် ၎င်းရာထူးလက်ရှိဖြစ်ခြင်း၊ ပစ္စည်းတစ်ခုခု လက်ရှိပိုင်ဆိုင်ခြင်းရှိ၍ ထိုရာထူး ပစ္စည်းလက်ရှိပိုင်ဆိုင်ခြင်းကြောင့် ဒါရိုက်တာအဖြစ် ဆောင်ရွက်ရာတွင် တာဝန်နှင့် အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်ကြောင်းဖြင့် ဖြစ်ပွားနိုင်သည့် ပဋိပက္ခ၏ သဘောသဘာဝနှင့် အတိုင်းအတာကို ၎င်းဒါရိုက်တာဖြစ်ပြီး ပထမအကြိမ် ဒါရိုက်တာအစည်းအဝေးတွင်ဖြစ်စေ သို့မဟုတ် ထိုသို့သိရှိပြီး ပထမဆုံးကျင်းပသည့် အစည်းအဝေးတွင်ဖြစ်စေ၊ ကြေညာတင်ပြရမည်။

အခန်း(၁၅)

ဘုတ်အဖွဲ့၏ အခွင့်အာဏာများ

ဘုတ်အဖွဲ့၏အခွင့်အာဏာများ

၁၁၉။ ဒါရိုက်တာများသည် ဘဏ်၏စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ခြင်း၊ စီမံချက်များပြုလုပ်ခြင်းကိုဆောင်ရွက်ပြီး အထွေထွေအစည်းအဝေးတွင် ဘဏ်က ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သို့မဟုတ် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကျင့်သုံးဆောင်ရွက်ရန် မလိုသောအခွင့်အာဏာများ၊ ဆင်ခြင်ဆုံးဖြတ်မှုများကို ကျင့်သုံးဆောင်ရွက်ခြင်းပြုနိုင်သည်။

၁၂၀။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သို့မဟုတ် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လိုအပ်ချက် သို့မဟုတ် ခွင့်ပြုချက်မှအပ ဘဏ်တွင်ပါဝင်သူ အစုရှင်များသည် ဘဏ်ကိုလည်းကောင်း၊ ဒါရိုက်တာများကိုလည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဘဏ်နှင့် ဒါရိုက်တာများကို အပ်နှင်းသည့် အခွင့်အာဏာများ၊ ဆင်ခြင်ဆုံးဖြတ်ခြင်းများကိုဆောင်ရွက်ရာတွင်ညွှန်ကြားခွင့်မရှိပါ။

၁၂၁။ ဒါရိုက်တာများ၏ အခွင့်အာဏာလုပ်ပိုင်ခွင့်များကို ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ခွင့်ပြုသည့်အတိုင်း ကျင့်သုံးဆောင်ရွက်မည်။

ငွေချေးငှားခြင်း၊ စုဆောင်းခြင်း၊ ကုန်ကျစရိတ်နှင့် အသုံးစရိတ်များပေးချေခြင်း

၁၂၂။ အပိုဒ်-၁၁၉ ပါပြဋ္ဌာန်းချက်များကိုသာ ကန့်သတ်မထားဘဲ ဒါရိုက်တာများသည်-

(က) ဘဏ်၏ရည်ရွယ်ချက်အလို့ငှာ ငွေချေးငှားခြင်း၊ ရန်ပုံငွေစုဆောင်းခြင်း၊ ငွေကြေးရယူခြင်းနှင့် ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ သို့မဟုတ် အခြားနည်းအားဖြင့် ငွေကြေးပမာဏများအတွက် အာမခံတင်သွင်းခြင်းကို ခွင့်ပြုခြင်း၊ အကြွေးငွေများ၊ ပေးရန်တာဝန်များ ပဋိညာဉ်စာချုပ်များ စီမံချက်များ ကျခံဆောင်ရွက်ရန် တာဝန်များကိုဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းခြင်း ပြုလုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်ခြင်းကို ဒါရိုက်တာများ သတ်မှတ်သည့် စည်းကမ်း ချက်များအတိုင်း ဆောင်ရွက်နိုင်သည်။ ထည့်ဝင်ပြီးမတည်ငွေရင်းအပေါ်တွင် အာမခံခွင့်ပြုခြင်းများကို ဆောင်ရွက် နိုင်သည်။

(ခ) ဘဏ်တည်ထောင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့အတွက် ကျခံသုံးစွဲထားသည့် ကုန်ကျစရိတ်များ၊ အသုံးစရိတ်များပေးချေခြင်း၊ ပေးချေစေခြင်းများ ပြုလုပ်နိုင်သည်။

ဒါရိုက်တာများက အခြား ကုမ္ပဏီများတွင် အစုရှယ်ယာမဲပေးခြင်း

၁၂၃။ ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အထောက်အထားပြု လိုက်နာလျက် အခြားကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးကို အရာရှိအဖြစ်ခန့်အပ်ခြင်း၊ အခြားကုမ္ပဏီ၏အရာရှိများကို အခကြေးငွေ ပေးခြင်းစသည့်ကိစ္စများတွင် ဘဏ်က ရယူပိုင်ဆိုင်ထားသော ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများ အရအပ်နှင်းသော မဲပေးခွင့်တွင် ဒါရိုက်တာတစ်ဦးဦးအတွက် အကျိုးခံစားခွင့်ရှိစေကာမူ ဒါရိုက်တာများသည် ၎င်းတို့ဆုံးဖြတ်သော အပြုအမူအတိုင်း မဲပေးခွင့်ကို ကျင့်သုံးနိုင်သည်။

ကိုယ်စားလှယ်သို့မဟုတ်တရားဝင်လွှဲအပ်ထားသောရှေ့နေ

၁၂၄။ ဒါရိုက်တာများသည် မည်သည့်အချိန်တွင် မည်သူကိုမဆို ဘဏ်၏ကိုယ်စားလှယ် သို့မဟုတ် တရားဝင်လွှဲအပ်ထားသောရှေ့နေအဖြစ် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ၎င်းတို့ကိုဖြစ်စေ၊ ဒါရိုက်တာတစ်ဦးဦးကိုဖြစ်စေ၊ အတွင်းရေးမှူးကိုဖြစ်စေ၊ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ပေးအပ်ထားသော အခွင့်အာဏာလုပ်ပိုင်ခွင့်နှင့် ဆင်ခြင်ဆုံးဖြတ်နိုင်ခွင့်တို့ကို ကျင့်သုံးရန်ခန့်အပ်နိုင်သည်။ ၎င်းတို့ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ထိုသို့ခန့်ထားခြင်းကို ရုပ်သိမ်းခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်ခွင့်ရှိသည်။

အခွင့်အာဏာလုပ်ပိုင်ခွင့်ကို ကိုယ်စားဆောင်ရွက်စေရန်လွှဲပြောင်းခြင်း

၁၂၅။ ဒါရိုက်တာများသည်ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသို့မဟုတ် ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ၎င်းတို့ကျင့်သုံးနိုင်သော အခွင့်အာဏာလုပ်ပိုင်ခွင့်နှင့် ဆင်ခြင်ဆုံးဖြတ်ပိုင်ခွင့်တို့က ဒါရိုက်တာများကော်မတီ၊ ဒါရိုက်တာတစ်ဦး တစ်ယောက်၊ ဘဏ်ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အခြားသူ တစ်ဦးဦးကို ကိုယ်စားဆောင်ရွက်စေရန် လွှဲပြောင်းပေးနိုင်သည်။ ထိုသို့လွှဲပြောင်းပေးခြင်းကို ၎င်းတို့ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ရုပ်သိမ်းခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်ခွင့်ရှိသည်။

အခန်း(၁၆)

ဘုတ်အဖွဲ့၏လုပ်ငန်းဆောင်ရွက်ခြင်း

ဘုတ်အဖွဲ့အစည်းအဝေး

၁၂၆။ ဘုတ်အဖွဲ့သည် အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် တွေ့ဆုံဆွေးနွေးနိုင်သည်-

(က) လူကိုယ်တိုင်ဖြစ်စေ။

(ခ) တယ်လီဖုန်းဖြင့်ဖြစ်စေ။

(ဂ) ရုပ်မြင်သံကြားနည်းပညာဖြင့် တွေ့မြင်ပြောဆို၍ဖြစ်စေ။

(ဃ) အခြားတိုက်ရိုက်ဆက်သွယ်ရေးကြားခံပစ္စည်းများဖြင့်ဖြစ်စေ။

ဘုတ်အဖွဲ့အစည်းအဝေးတွင် တက်ရောက်ကြောင်းမှတ်ယူခြင်း

၁၂၇။ ဒါရိုက်တာများအစည်းအဝေးကို ဖုန်းဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားနည်းပညာဖြင့် လည်းကောင်း၊ အခြားဆက်သွယ်ရေး ကြားခံပစ္စည်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ပြီး တက်ရောက်သူအားလုံး၏ ပြောဆိုဆွေးနွေးချက်များကို ကြားနိုင်စွမ်းရှိပြီး ကြားသိခဲ့ပါက အခြားသော ဒါရိုက်တာများအားလုံးသည် ထိုအစည်းအဝေးကိုတက်ရောက်ခဲ့ကြောင်း မှတ်ယူသည်။

ဘုတ်အဖွဲ့အစည်းအဝေးကျင်းပရန်နေရာ

၁၂၈။ ဒါရိုက်တာများအစည်းအဝေးကို ဖုန်းဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားနည်းပညာဖြင့် လည်းကောင်း၊ အခြားဆက်သွယ်ရေးကြားခံပစ္စည်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်လျှင် ဒါရိုက်တာများအစည်းအဝေးလုပ်ရန် သဘောတူညီသည့်နေရာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ခြွင်းချက်အနေဖြင့် အဆိုပါနေရာတွင် အနည်းဆုံးအစည်းအဝေးတက်ရောက်သည့် ဒါရိုက်တာ

တစ်ဦးသည် အစည်းအဝေးကျင်းပနေချိန်တစ်လျှောက်လုံး ရှိနေရန်လိုအပ်သည်။ ဘဏ်၏ တရားဝင်အစည်းအဝေးများကို ပြည်တွင်းခ်ျသာကျင်းပရမည်။

ဘုတ်အဖွဲ့အစည်းအဝေးကျင်းပခြင်း

၁၂၉။ ဒါရိုက်တာတစ်ဦး၏တောင်းဆိုချက်အရ သို့မဟုတ် အတွင်းရေးမှူး (ရှိလျှင်) က ဒါရိုက်တာတစ်ဦး၏ တောင်းဆိုချက်အရ မည်သည့်အချိန်တွင်မဆို ဘုတ်အဖွဲ့၏ အစည်းအဝေးကိုကျင်းပရမည်။

ဘုတ်အဖွဲ့အစည်းအဝေးကျင်းပရန် အကြောင်းကြားခြင်း

၁၃၀။ ဘုတ်အဖွဲ့၏ အစည်းအဝေးတိုင်းအတွက် အကြောင်းကြားစာကို ဒါရိုက်တာတိုင်းသို့ ပေးပို့ အကြောင်းကြားရမည်ဖြစ်ပြီး ထိုသို့ပေးပို့ရန်ပျက်ကွက်ခြင်း သို့မဟုတ် လက်ခံရရှိခြင်း မရှိ သောကြောင့် အစည်းအဝေးကို ပျက်ပြယ်စေခြင်းမရှိစေရ။

ဒါရိုက်တာနေရာလစ်လပ်နေသော်ငြားလည်း ဒါရိုက်တာများကဆက်လက်ဆောင်ရွက်နိုင်ခြင်း

၁၃၁။ ဘုတ်အဖွဲ့တွင် ဒါရိုက်တာတစ်ဦးနေရာလစ်လပ်နေစေကာမူ ဘုတ်အဖွဲ့သည် ဆက်လက် ဆောင်ရွက်နိုင်သည်။ သို့သော်လည်း လစ်လပ်နေရာများကြောင့် အစည်းအဝေးအထမြောက်ရန် လိုအပ်သော အနည်းဆုံးဦးရေမပြည့်သည့်အခါတွင် အရေးပေါ်ကိစ္စ သို့မဟုတ် လစ်လပ်နေရာများ ဖြည့်ဆည်းရန် သို့မဟုတ် အထွေထွေအစည်းအဝေးကျင်းပရန် ဆောင်ရွက်ခြင်းမှအပ ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိစေရ။

ဘုတ်အဖွဲ့အစည်းအဝေးအထမြောက်ရန် အနည်းဆုံးလိုအပ်သောဦးရေ

၁၃၂။ အစည်းအဝေးစတင်ချိန်တွင် အစည်းအဝေးအထမြောက်ရန် လိုအပ်သောဦးရေ တက်ရောက်ခြင်း မရှိက ယင်းဘုတ်အဖွဲ့အစည်းအဝေးများတွင် စီးပွားရေးလုပ်ငန်းကိစ္စများ ဆုံးဖြတ်ဆောင်ရွက်ခွင့် မရှိပါ။ ဒါရိုက်တာများ၏ လုပ်ငန်းဆောင်ရွက်မှုအစည်းအဝေးတွင် အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သောဒါရိုက်တာအနည်းဆုံးတစ်ဦးအပါအဝင် ဘုတ်အဖွဲ့၏ အဖွဲ့ဝင်ထက်ဝက် တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။

၁၃၃။ ဘုတ်အဖွဲ့အစည်းအဝေးအစတွင် အနည်းဆုံးလိုအပ်သောဦးရေပြည့် တက်ရောက်ပါက ဒါရိုက်တာ တစ်ဦးက အစည်းအဝေးနောက်ပိုင်းတက်ရောက်ရန် ပျက်ကွက်ခြင်း၊ အကြောင်းတစ်ခုခုကြောင့် မဲမပေးဘဲနေခြင်းရှိသော်လည်း အစည်းအဝေးတစ်လျှောက်လုံးတွင် အနည်းဆုံးဦးရေပြည့် တက်ရောက်ကြောင်း မှတ်ယူမည်ဖြစ်သည်။

ဘုတ်အဖွဲ့အစည်းအဝေးသည် အခွင့်အာဏာအားလုံးကို ကျင့်သုံးရန်အခွင့်ရှိသည်

၁၃၄။ အနည်းဆုံးဦးရေပြည့် တက်ရောက်သော ဘုတ်အဖွဲ့အစည်းအဝေးသည် ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဒါရိုက်တာများ ကျင့်သုံးဆောင်ရွက်နိုင်သောအခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့်ဆင်ခြင်ဆုံးဖြတ်နိုင်ခွင့်တို့ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

ဘုတ်အဖွဲ့အစည်းအဝေးဥက္ကဋ္ဌ

၁၃၅။ ဘုတ်အဖွဲ့သည် အစည်းအဝေးတွင် ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ရမည်ဖြစ်ပြီး ၎င်း၏သက်တမ်းကိုလည်း သတ်မှတ်ပေးရမည်။ ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ထားခြင်းမရှိခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ထားသည့် ဥက္ကဋ္ဌသည် အစည်းအဝေးကျင်းပရန် သတ်မှတ်သည့်အချိန်နောက်ပိုင်း (၃၀)မိနစ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာခြင်းမရှိက တက်ရောက်လာသည့် ဒါရိုက်တာများက ၎င်းတို့အထဲမှ ဒါရိုက်တာတစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရမည်။

မဲအများစုဖြင့် ဆုံးဖြတ်ရမည့်ကိစ္စရပ်များ

၁၃၆။ ဘုတ်အဖွဲ့အစည်းအဝေးတွင်တင်ပြလာသောမေးခွန်းများ၊အဆိုပြုဆုံးဖြတ်ချက်များကို တက်ရောက်လာသည့်ဒါရိုက်တာများ၏မဲအများစုဖြင့် ဆုံးဖြတ်ရန်ဖြစ်ပြီး ပေးသည့်မဲအရေအတွက် တူညီနေပါက ဥက္ကဋ္ဌသည် ဒါရိုက်တာအဖြစ်မဲပေးပိုင်ခွင့်ရှိသည့်အတိုင်း အဆုံးအဖြတ်မဲကို ပေးရမည်။

ဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားခြင်း

၁၃၇။ ဘုတ်အဖွဲ့ကဆုံးဖြတ်ချက်ကို အတည်ပြုပြီးနောက် အစည်းအဝေးမှတ်တမ်းစာအုပ်တွင်ရေးသားဖော်ပြပြီး ဥက္ကဋ္ဌ သို့မဟုတ် ဘုတ်အဖွဲ့က အာဏာအပ်နှင်းခြင်းခံရသည့် အခြားဒါရိုက်တာ တစ်ဦးဦးက မှတ်တမ်းတင်လက်မှတ်ရေးထိုးထားရမည်။

၁၃၈။ ဘုတ်အဖွဲ့အစည်းအဝေးကျင်းပခြင်းမရှိသည့်အချိန်တွင် ဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရှိသည့် ဘုတ်အဖွဲ့ဝင်အားလုံးက စာရွက်စာတမ်းတွင် ဖော်ပြထားသောဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း စာရွက်စာတမ်းတွင် လက်မှတ်ရေးထိုးကာ ဆုံးဖြတ်ချက်ကိုထုတ်ပြန်နိုင်သည်။ ထိုစာရွက်စာတမ်း၏ မိတ္တူနှင့် သတင်းအချက်အလက်များပူးတွဲဖော်ပြ၍ ဘုတ်အဖွဲ့ဝင်အားလုံးသို့ လက်မှတ်ရေးထိုးရန် ဖြန့်ဝေရမည်။ ဘုတ်အဖွဲ့ဝင်အားလုံးကလက်မှတ်ရေးထိုးပြီးချိန်တွင် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်ဟု မှတ်ယူရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် အစည်းအဝေးများ

၁၃၉။ ဘုတ်အဖွဲ့ဝင်များ၏မည်သည့်ကော်မတီမဆို ဘုတ်အဖွဲ့ဝင်များ၏ ညွှန်ကြားချက်များနှင့်အညီ ယင်းကို လွှဲအပ်သောလုပ်ပိုင်ခွင့်၊ အာဏာနှင့်ဆင်ခြင်ဆုံးဖြတ်ပိုင်ခွင့်တို့ကို ကျင့်သုံးရမည်။

၁၄၀။ ဘုတ်အဖွဲ့ဝင်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ပါဝင်သော ဘုတ်အဖွဲ့၏ကော်မတီအစည်းအဝေးများ၊ လုပ်ငန်းဆောင်ရွက်ခြင်းများကို၊ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ဘုတ်အဖွဲ့၏ အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်သက်ဆိုင်သမျှ အကျုံးဝင်စေလျက် စီမံခန့်ခွဲ ဆောင်ရွက်ရမည်။ ဘုတ်အဖွဲ့၏ ညွှန်ကြားချက်များက အစားထိုးလွှမ်းမိုးခြင်း မရှိစေရ။

ဘုတ်အဖွဲ့၏ ဆောင်ရွက်ချက် တရားဝင်ခြင်း

၁၄၁။ ဘုတ်အဖွဲ့၏ဆောင်ရွက်ချက်၊ ဒါရိုက်တာများ၏ကော်မတီတစ်ခု၏ ဆောင်ရွက်ချက်၊ ဒါရိုက်တာအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦး၏ဆောင်ရွက်ချက်သည် နောက်ပိုင်းတွင် ဒါရိုက်တာကို သို့မဟုတ် တစ်ဦးဦးကို ဒါရိုက်တာအဖြစ် ခန့်ထားခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းတွင် ချွတ်ယွင်းချက်များ ရှိကြောင်းနှင့် ဒါရိုက်တာသည် အရည်အချင်း ပျက်ယွင်းကြောင်း၊ ရာထူးလစ်လပ်နေကြောင်း၊ မဲပေးခွင့် ဆောင်ရွက်ခွင့်မရှိကြောင်း တွေ့ရှိစေကာမူ ဆောင်ရွက်ချက်များသည် တရားဝင်သည်။

အကျိုးစီးပွားအားထုတ်ဖော်အသိပေးခြင်း

၁၄၂။ ဘဏ်၏ ဒါရိုက်တာများနှင့် အရာရှိတိုင်းသည် ၎င်းဖြစ်စေ၊ ၎င်း၏ဆွေမျိုးများဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့် အရေးကြီးသော ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားအပြည့်အစုံကို ဘုတ်အဖွဲ့သို့ ထုတ်ဖော်တင်ပြရမည်။ ထိုသို့ ထုတ်ဖော်တင်ပြခြင်းကို ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးသည်နှင့် ပထမဦးစွာပြုလုပ်ရမည်ဖြစ်ပြီး နှစ်စဉ်လည်း ပြုလုပ်ရမည်။

၁၄၃။ ဘဏ်၏ဒါရိုက်တာ သို့မဟုတ် အရာရှိသည် အကျိုးစီးပွားတစ်ရပ် ထပ်မံရရှိသည့်အခါတွင်လည်း ဘုတ်အဖွဲ့အစည်းအဝေးတွင် အကျိုးစီးပွားကို ထုတ်ဖော်တင်ပြရမည်။ သို့ရာတွင် ထိုသို့ ထုတ်ဖော်တင်ပြခြင်းနှင့်စပ်လျဉ်း၍ ဘုတ်အဖွဲ့တွင် ဆုံးဖြတ်ချက်ချရန် အကြေအလည်ဆွေးနွေးခြင်း သို့မဟုတ် မဲပေးခြင်းပြုရာ၌ သက်ရောက်ခြင်းမပြုရ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့လည်း နှစ်စဉ် အစီရင်ခံတင်ပြရမည်။

အခန်း(၁၇)

အတွင်းရေးမှူး

၁၄၄။ ဘုတ်အဖွဲ့သည် ဥပဒေနှင့်အညီ အတွင်းရေးမှူးတစ်ဦး ခန့်ထားနိုင်သည်။ ဘုတ်အဖွဲ့သည် မည်သူ့ကိုမဆို-

(က) ဘဏ်၏အတွင်းရေးမှူးတာဝန်များကို ဆောင်ရွက်စေရန် ယာယီခန့်ထားနိုင်သည်။

(ခ) ဘဏ်၏အတွင်းရေးမှူးအား ကူညီရန်ခန့်ထားနိုင်သည်။

၁၄၅။ အတွင်းရေးမှူးသည် ဘုတ်အဖွဲ့ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ရာထူးသက်တမ်းကာလ (အခကြေးငွေ အပါအဝင်) လုပ်ပိုင်ခွင့်၊ အခွင့်အာဏာ၊ တာဝန်များအတိုင်းဆောင်ရွက်ရမည်။ ထိုသို့လုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများကို ဘုတ်အဖွဲ့၏ ကွပ်ကဲမှုအတိုင်း ဆောင်ရွက်ရမည်။ အတွင်းရေးမှူးကို ဘုတ်အဖွဲ့က ရာထူးမှဖယ်ရှားနိုင်သည်။

အခန်း(၁၈)

ရုံးတံဆိပ်တုံး

၁၄၆။ ဒါရိုက်တာများသည် ဘဏ်၏ ရုံးတံဆိပ်တုံးကို လုံခြုံစွာ သိမ်းဆည်းထားရမည်။ ရုံးတံဆိပ်တုံးကို ဒါရိုက်တာများ၏ အခွင့်အာဏာဖြင့်သာ သုံးစွဲရမည်။ သို့မဟုတ် ရုံးတံဆိပ်တုံးသုံးစွဲရန် ဒါရိုက်တာများက အခွင့်အာဏာပေးအပ်သူ ပုဂ္ဂိုလ်များ၊ ဒါရိုက်တာများ၏ကော်မတီတို့ကသာ သုံးစွဲနိုင်သည်။

အခန်း(၁၉)

ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်း

ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့် ငွေစာရင်းများ

၁၄၇။ ဘုတ်အဖွဲ့သည် ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၅၈ နှင့်အညီ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ စာရင်းများထားရှိခြင်းဆိုင်ရာသက်ဆိုင်သော စံနှုန်းများနှင့်အညီ မြန်မာဘာသာ ဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများပြုစု ဆောင်ရွက်နိုင် ရန်အတွက် စာဖြင့် ရေး သားထားသည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည်။

(က) ဘဏ်က လက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးစုစုပေါင်းနှင့် လက်ခံရရှိခဲ့သော သို့မဟုတ် သုံးစွဲကုန်ကျခဲ့သော ငွေကြေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊.

(ခ) ဘဏ်မှ ကုန်ပစ္စည်းရောင်းချခြင်း သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူခြင်း။

(ဂ) ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်ရှိမှုများနှင့်

(ဃ) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ အခြားကိစ္စရပ်များ၊

၁၄၈။ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ဘဏ်၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သို့မဟုတ် ဘုတ်အဖွဲ့မှ သင့်သည်ထင်မြင်သည့် အခြားနေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ရုံးလုပ်ငန်းချိန်အတွင်း ဒါရိုက်တာများက စစ်ဆေးကြည့်ရှုခွင့်ရှိစေရမည်။

၁၄၉။ ဘဏ္ဍာရေးရှင်းတမ်းများကို နှစ်စဉ်ရေးဆွဲရန်နှင့် ဘဏ်၏ အထွေထွေအစည်းအဝေးသို့ တင်သွင်းရမည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းသည် အဆိုပါအစည်းအဝေးကျင်းပသည့်နေ့မှ ၉ လထက် မစောသောနေ့ရက်အထိပြုစုထားသောစာရင်းဖြစ်စေရမည်။ဘဏ္ဍာရေးရှင်းတမ်းများကိုဘဏ်၏ စာရင်းစစ်က စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်အစီရင်ခံစာကို ယင်းရှင်းတမ်းနှင့်အတူ ပူးတွဲတင်ပြရမည်။ သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက်များကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင် ထည့်သွင်းဖော်ပြရမည်။ ထိုအစီရင်ခံစာအား ဘဏ်၏ အထွေထွေ အစည်းအဝေး တွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ဘဏ်တွင်ပါဝင်သူအစုရှင်များက စစ်ဆေးကြည့်ရှုနိုင်စေရန် အတွက် ထားရှိရမည်။

ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဒါရိုက်တာများ၏ အစီရင်ခံစာ

၁၅၀။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ လိုအပ်၍ဖြစ်စေ၊ ဒါရိုက်တာများက ထိုသို့ ဆုံးဖြတ်သတ်မှတ်၍ဖြစ်စေ၊ ဘဏ်သည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေး အစီရင်ခံစာနှင့် ဘုတ်အဖွဲ့၏ အစီရင်ခံစာကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြုစုရမည်။

စာရင်းစစ်ခန့်အပ်ခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၁၅၁။ ဘဏ်သည်၎င်း၏ ငွေစာရင်းများကို စစ်ဆေးရန်အတွက် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကျင်းပ၍ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ၂၀၁၆ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် ဗဟိုဘဏ်၏ညွှန်ကြားချက်များနှင့်အညီ ဗဟိုဘဏ်ကသတ်မှတ်

ထားသော အရည်အချင်းများနှင့် ပြည့်မီသည့် သင့်လျော်သော ပြင်ပစာရင်းစစ်တစ်ဦးကို ခန့်အပ်ရမည့်အပြင် ၎င်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားရမည်။

၁၅၂။ ဘဏ်သည်ပြင်ပစာရင်းစစ်တစ်ဦးအား ခန့်အပ်ပြီး ၁၀ ရက်အတွင်း အဆိုပါခန့်အပ်မှုကို အတည်ပြုပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ စာဖြင့် ရေးသားလျှောက်ထားရမည်။ ဘဏ်သည် ခန့်အပ်မည့် ပြင်ပစာရင်းစစ်၏ အမည်၊ လုပ်ငန်းတည်နေရာ၊ လိပ်စာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုချက်ထုတ်ပေးရန်စိစစ်ရာတွင် လိုအပ်သည့် အခြားသတင်းအချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

၁၅၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်ပစာရင်းစစ်အား အတည်မပြုသည့်ကိစ္စရပ်တွင် ဘဏ်သည် အခြားစာရင်းစစ်ကို အမည်စာရင်းတင်သွင်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတည်ပြုချက် ရယူရမည်။

၁၅၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခြားနည်းအားဖြင့်ခွင့်ပြုချက်မရှိလျှင် ဘဏ်သည် ပြင်ပစာရင်းစစ်အဖွဲ့အား ၅ နှစ်လျှင်တစ်ကြိမ် အစားထိုး ခန့်အပ်ရမည်ဖြစ်ပြီး ပြင်ပစာရင်းစစ် တစ်ဦးတည်းအား တဆက်တည်း သုံးကြိမ် (၃)နှစ် ထက်ကျော်လွန်၍ ခန့်ထားခြင်းမပြုရ။ သို့မဟုတ် ဗဟိုဘဏ်က သတ်မှတ်သည့်ကာလအတိုင်းဖြစ်စေရမည်။

၁၅၅။ ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသည့် ကြိုတင်အတည်ပြုချက်မရှိဘဲ ယင်း၏ ပြင်ပစာရင်းစစ်ပြောင်းလဲခြင်းမပြုရ။ ဘဏ်၏ ပြင်ပစာရင်းစစ်သည် ၎င်း၏လုပ်ငန်းမှ နှုတ်ထွက်ရန် ဆုံးဖြတ်ချက်ကို ရက်ပေါင်း ၃၀ ကြိုတင်၍ ဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ စာဖြင့် အကြောင်းကြားခြင်းမရှိဘဲ ပြင်ပစာရင်းစစ်အဖြစ်မှ နှုတ်ထွက်ခြင်းမပြုရ။

၁၅၆။ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏အဆုံးအဖြတ်သည် အတည်ဖြစ်စေရမည်။

စာရင်းစစ်နှင့် စာရင်းစစ်ခြင်း

၁၅၇။ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေလိုအပ်ချက်အရဖြစ်စေ၊ ဘုတ်အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်အရဖြစ်စေ သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ကိုခန့်အပ်ရာတွင်-

(က) စာရင်းစစ်ကို သက်ဆိုင်ရာဥပဒေနှင့်အညီခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းပြုလုပ်ရမည်။

(ခ) စာရင်းစစ်၏အခကြေးငွေကို ဘုတ်အဖွဲ့က သဘောတူညီနိုင်သည်။

(ဂ) အဆိုပါဘဏ္ဍာရေးနှစ်အတွက် ဘဏ်၏ဘဏ္ဍာရေးအစီရင်ခံစာကို စာရင်းစစ်က သက်ဆိုင်ရာဥပဒေနှင့်အညီ စာရင်းစစ်ဆေးရမည်။

စာရင်းစစ်ကော်မတီ

၁၅၈။ ဘုတ်အဖွဲ့သည် ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့် ငွေစာရင်းများကို စစ်ဆေးရန်အတွက် အဖွဲ့ဝင်သုံးဦးပါဝင်သော စာရင်းစစ်ကော်မတီကို နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် ဖွဲ့စည်းရမည်။ သီးခြားလွတ်လပ်သော ဒါရိုက်တာတစ်ဦးက စာရင်းစစ်ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် စာရင်းစစ်အဖွဲ့ဝင်များတွင် ပါဝင်ထမ်းဆောင်ခြင်း မပြုရ။

အခန်း(၂၀)

အမြတ်ဝေစုများနှင့်အခြားခွဲဝေခြင်းများ

အမြတ်ဝေစုခွဲရန်လုပ်ပိုင်ခွင့်ကို ဘုတ်အဖွဲ့တွင် အပ်နှင်းထားခြင်း

၁၅၉။ (က) ဘုတ်အဖွဲ့သည်ဘဏ်တွင်ပါဝင်သူအစုရှင်များသို့ အမြတ်ဝေစုများ (ကြားကာလအမြတ်ဝေစုအပါအဝင်)ကို ခွဲဝေပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ညွှန်ကြားချက် ၅/၂၀၁၇ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ကိုရယူ၍ ဆုံးဖြတ်နိုင်ပြီး အမြတ်ဝေစုပမာဏ၊ ပေးချေရမည့်အချိန်နှင့် ပေးချေရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ခ) အမြတ်ဝေစုပေးချေရမည့်နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊ ဆုကြေး ရှယ်ယာထုတ်ဝေခြင်း ဖြင့်ဖြစ်စေ၊ အော့ပ်ရှင်(option)ပြုခြင်းဖြင့်ဖြစ်စေ၊ ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းများပါဝင်နိုင်သည်။

(ဂ) ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမြတ်ဝေစုအား သတ်မှတ်ခြင်းကို ဘဏ်မှ ပေးချေရမည့် ကြွေးမြီအဖြစ် မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစု ပေးချေခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ကြွေးမြီတင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့် အချိန်မှသာ ကျရောက်သည်။

အမြတ်ဝေစုများအတွက် လိုအပ်သည့်အချက်များ

၁၆၀။ (က) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ဘဏ်သည် အမြတ်ဝေစုခွဲဝေပေးခြင်းကို ဆောင်ရွက် နိုင်ခြင်းမရှိစေရ။

(၁) ဘဏ်သည် အမြတ်ဝေစုခွဲဝေပေးပြီးနောက် ချက်ချင်း ကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း။

(၂) အမြတ်ဝေစုခွဲဝေခြင်းသည် ဘဏ်၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတ လျော်ကန်မှုရှိခြင်းနှင့်

(၃) အမြတ်ဝေစုပေးချေခြင်းသည် ဘဏ်က ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန် များကို အများစုထိခိုက်မှုမရှိခြင်း။

(ခ) အမြတ်ဝေစုအား ခွဲဝေဆုံးဖြတ်ပြီးနောက် ယင်းအတွက် ငွေပေးချေရခြင်း မပြုသေးမီ ကာလအတွင်း ဘုတ်အဖွဲ့သည် ပုဒ်မခွဲ(က)ပါ လိုအပ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိလျှင် အမြတ်ဝေစုအား ပေးချေခြင်းမပြုဘဲ ထားရှိနိုင်သည်။ ဘဏ်က အဆိုပါအမြတ် ဝေစုအား ပေးချေခဲ့ပြီးဖြစ်ပါကလည်း ထိုသို့ပေးချေခြင်းသည် တရားဝင်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

၁၆၁။ ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါအချက်များ ညီညွတ်လျှင် ဘဏ်သည် အဆိုပြု အမြတ်ဝေစုအစား ယင်းအမြတ်ဝေစု၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစုရှယ်ယာများအဖြစ် လက်ခံရန်သဘောတူညီသည့်အစုရှယ်ယာရှင်များကို အစုရှယ်ယာများအား ထုတ်ပေးနိုင်သည်။

(၁) အဆိုပြုထားသော အမြတ်ဝေစုအစား အားလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက် ဖြစ်စေ ူညီသည့်စည်းကမ်းချက်များဖြင့် တူညီသည့်အစုရှယ်ယာအမျိုးအစားကို ပိုင်ဆိုင်သူ သို့ ကမ်းလှမ်းရမည်။

(၂) သဘောတူညီထားသည့် အစုရှယ်ယာရှင်များ၏ လက်ခံသော အစုရှယ်ယာများနှင့် ဆက်စပ် သည့် ဆန္ဒမဲပေးခွင့်နှင့် ခွဲဝေဆောင်ရွက်နိုင်ခွင့်ထားရှိရမည်။

(၃) အဆိုပါကမ်းလှမ်းမှုကို လက်ခံနိုင်ရန်အတွက် အနည်းဆုံး ၂၁ ရက် ကာလထားရှိရမည်။

(၄) အစုရှယ်ယာများကို လက်ခံရန်သဘောတူသည့် အမျိုးအစားတူ အစုရှယ်ယာရှင်တစ်ဦးစီသို့ ထုတ်ဝေသည့် အစုရှယ်ယာများမှာ တူညီသော အခွင့်အရေးများ၊ တူညီသော စည်းကမ်းချက် များဖြင့် ထုတ်ဝေခြင်းဖြစ်ရမည်။ ၎င်းအပြင်

(၅) ၂၀၁၇ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၆၃ နှင့် ပုဒ်မ ၇၁ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ယင်းတို့နှင့်သက်ဆိုင်သမျှ လိုက်နာရမည်။

အမြတ်ဝေစုအချိုးအစား

၁၆၂။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အစုရှယ်ယာအမျိုးအစားအတွက် စည်းနှောင်မှုရှိသော ပူးတွဲပါဝင်သော အခွင့်အရေးနှင့်ကန့်သတ်ချက်များ၊ ဥပဒေတို့ကို အထောက်အထားပြု၍၊ အမြတ်ဝေစုများကို ဘဏ်တွင်ပါဝင်သူအစုရှင်များအားပိုင်ဆိုင်သည့်အစုရှယ်ယာအလိုက်အချိုးကျခွဲဝေပေးရန် ဖြစ်သည်။

ခွဲဝေနိုင်သောပစ္စည်းများနှင့် ခွဲဝေပေးခြင်း

၁၆၃။ သက်ဆိုင်ရာဥပဒေများကို အထောက်အထားပြု၍ လိုက်နာလျက်၊ ဒါရိုက်တာများသည် အမြတ်ဝေစုများ သို့မဟုတ် အခြားခွဲဝေခြင်းများကို သတ်မှတ်ပစ္စည်းများနှင့် ခွဲဝေခြင်းဖြင့် တစ်ရပ်လုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း (ပေးချေပြီးအစုရှယ်ယာများ၊ ဒီဘင်ချာငွေချေးလက်မှတ်များ သို့မဟုတ် ဤဘဏ်၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အာမခံပစ္စည်းများ၊ ယုံမှတ်အပ်နှံသည့်ပစ္စည်းများ၊ အဆောက်အအုံတို့အပါအဝင်) ဆုံးဖြတ်ပေးနိုင်သည်။

၁၆၄။ ဘဏ်တွင် ပါဝင်သူတစ်ဦးချင်းစီသည် ဘဏ်၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာ ငွေချေးလက်မှတ်များ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ အပါအဝင် အပိုဒ်-၁၆၃ အရ မည်သည့်ပစ္စည်းကိုမဆို ၄င်းတို့အားခွဲဝေပေးခြင်းကို သဘောတူလက်ခံရမည်။

ဘုတ်အဖွဲ့၏ ဆင်ခြင်ဆုံးဖြတ်မှု

၁၆၅။ ပစ္စည်းများ၊ ရပိုင်ခွင့်များ တန်ဖိုးဖြတ်ခြင်းအပါအဝင် အမြတ်ဝေစု သို့မဟုတ် အခြားခွဲဝေခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်အားလုံးကို ဘုတ်အဖွဲ့မှ ဆုံးဖြတ်သတ်မှတ်မည်ဖြစ်ပြီး ဘုတ်အဖွဲ့သည် အောက်ပါဆောင်ရွက်ချက်များကို ပြုလုပ်နိုင်သည်-

(က) အမြတ်ဝေစုများ/အခြားခွဲဝေခြင်းများနှင့် ပတ်သက်သည့်အခက်အခဲများ၊ အငြင်းပွားမှုများ၊ သို့မဟုတ် အခြားကိစ္စများတို့ကို ဖြေရှင်းနိုင်သည်။

(ခ) သတ်မှတ်ပစ္စည်း သို့မဟုတ် ရပိုင်ခွင့် သို့မဟုတ် ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ခွဲဝေခြင်းပြုရာတွင် တန်ဖိုးသတ်မှတ်ပေးနိုင်သည်။

(ဂ) ဘဏ်တွင် ပါဝင်သူအစုရှင်များထံ သို့မဟုတ် ၎င်း၏ ညွှန်ကြားချက်အရ သတ်မှတ် တန်ဖိုးအပေါ်အခြေပြု၍ ငွေဖြင့် ပေးချေခြင်းပြုရန်ဆုံးဖြတ်နိုင်သည်။

(ဃ) ဘဏ်တွင် ပါဝင်သူအစုရှင်များအတွက် ပစ္စည်း (သို့မဟုတ်) ရပိုင်ခွင့်ကို ယုံမှတ်အပ်နှံလက်ခံမည့်သူထံ အပ်နှံပေးခြင်းပြုနိုင်သည်။

ဘဏ်သည် အတိုးငွေပေးရန် မလိုအပ်ခြင်း

၁၆၆။ အမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများအတွက် အတိုးငွေကို ဘဏ်အနေဖြင့် ပေးရန်မလို အပ်ပါ။ ဘဏ်သည် အချို့သောအမြတ်ဝေစုများနှင့် ခွဲဝေပေးခြင်းများကို ထိန်းသိမ်းထားနိုင်သည်။

ဘဏ်သည် အမြတ်ဝေစုများနှင့် ခွဲဝေပေးခြင်းများ အချို့ကို ထိန်းသိမ်းထားရှိနိုင်သည်

၁၆၇။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အစုရှယ်ယာများ တစ်ဆင့်လွှဲအပ်ခြင်းကြောင့် တစ်ဦးဦးက ပိုင်ဆိုင်ထိုက်သော အစုရှယ်ယာနှင့် သက်ဆိုင်သော အမြတ်ဝေစုများနှင့် အခြား ခွဲဝေ ပေးခြင်းများကို သတ်မှတ်ထားသည့်လွှဲပြောင်းလက်ခံသူကို ဘဏ်တွင်ပါဝင်သူ အစုရှယ်ယာရှင် အဖြစ် မှတ်ပုံတင်စာရင်းသွင်းခြင်း မပြုရသေးသည့်အချိန်ထိ ဘဏ်က ထိန်းသိမ်းထားနိုင်သည်။

ဘဏ်သည် ပေးသွင်းရန်ငွေကြေးပမာဏကို လျှော့ချဖြတ်တောက်နိုင်သည်

၁၆၈။ ဘဏ်တွင်ပါဝင်သူအစုရှင်သို့ ပေးရန်ရှိသော အမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများကို တောင်းခံမှု သို့မဟုတ် အခြားနည်းဖြင့်ဆောင်ရွက်ခြင်းကြောင့် ဘဏ်တွင် ပါဝင်သူအစုရှင်မှ ဘဏ်သို့ပေးချေရန် စွဲရောက်သည့် ပမာဏများမှ လျှော့ချဖြတ်တောက်၍ ပေးနိုင်သည်။

ပေးချေခြင်း

၁၆၉။ ဘဏ်သည် အစုရှယ်ယာနှင့်စပ်လျဉ်း၍ ပေးရန်ရှိသောပမာဏ၊ အမြတ်ဝေစုနှင့် အခြားနည်း ခွဲဝေပေးခြင်းတို့ကို ဘုတ်အဖွဲ့က ဆုံးဖြတ်သည့်နည်းဖြင့် ပေးချေနိုင်သည်။

တောင်းဆိုခြင်းမရှိသည့် ခွဲဝေခြင်းများ

၁၇၀။ အစုရှယ်ယာများနှင့်စပ်လျဉ်း၍ ပေးရန်ရှိသောအမြတ်ဝေစုများအားလုံး သို့မဟုတ် အခြား ငွေကြေး တစ်ရပ်ရပ်နှင့် ဆုံးဖြတ်ကြေညာပြီးနောက် တောင်းဆိုခြင်းမရှိသော သို့မဟုတ် ပေးချေရန် ကျရောက်သော ခွဲဝေခြင်းများကို တောင်းဆိုသည့်အချိန်အထိ ဘဏ်၏ အကျိုးအမြတ်အတွက် ဘုတ်အဖွဲ့က ရင်းနှီးမြှုပ်နှံနိုင်သည် သို့မဟုတ် အခြားနည်း အသုံးပြုနိုင်သည်။

အခန်း(၂၁)

သီးသန့်ငွေများ

၁၇၁။ ဘုတ်အဖွဲ့သည် ဘဏ်၏ အမြတ်ငွေများထဲမှ မိမိတို့သင့်လျော်သည် ထင်မြင်သည့် ငွေပေါင်းကို သီးသန့်ငွေစာရင်းသို့ အခါအားလျော်စွာ ကူးပြောင်းထည့်သွင်းနိုင်သည်။ ထိုသီးသန့်ငွေများကို ဘဏ်၏ အမြတ်ငွေများ သင့်လျော်စွာ အသုံးပြုနိုင်မည့်ကိစ္စတစ်ခုခုအတွက် ဘုတ်အဖွဲ့၏ သဘော

အတိုင်း အသုံးပြုရမည်။ ယင်းသို့ အသုံးမပြုသေးမီ ထိုငွေများကို ဘဏ်၏လုပ်ငန်းတွင် အသုံးပြုနိုင်သည်။ သို့မဟုတ် ရင်းနှီးထားနိုင်သည်။ ဘုတ်အဖွဲ့သည် သီးသန့်ငွေများကို မိမိတို့ သင့်သည် ထင်မြင်သည့် အထူးရန်ပုံငွေများအဖြစ် ခွဲခြားနိုင်သည့်အပြင် ထိုသို့ခွဲခြားသည့် အထူးရန်ပုံငွေများကို ဖြစ်စေ၊ အထူးရန်ပုံငွေ၏ အစိတ်အပိုင်းများကိုဖြစ်စေ၊ ရန်ပုံငွေတစ်ခုတည်းအဖြစ် စုပေါင်းနိုင်သည်။ ဘုတ်အဖွဲ့သည် ခွဲဝေရန်၊ မသင့်လျော်ဟု ထင်မြင်သော အမြတ်ငွေများကို သီးသန့်ရန်ပုံငွေသို့ မထည့်ဘဲ နောင်နှစ်တွင် ငွေစာရင်းသို့ ကူးပြောင်းနိုင်သည်။

၁၇၂။ ဘုတ်အဖွဲ့သည် အမြတ်ငွေများကို ထုတ်ဝေပေးရန် မထောက်ခံမီ ထိုနှစ်အတွက် အမြတ်ငွေများ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို အရေးပေါ်အသုံးစရိတ်များကျခံနိုင်ရန်နှင့် အမြတ်ငွေခွဲဝေပေးမှုမှအပ အခြားအသုံးစရိတ်များကို ဘုတ်အဖွဲ့က သင့်လျော်သည်ထင်မြင်သည့်အတိုင်း ကျခံနိုင်ရန်နှင့် ဘဏ်အတွက် အကျိုးရှိစေရန် သီးသန့်ရန်ပုံငွေသို့ ထည့်သွင်းရမည်။ ထိုသို့ဆောင်ရွက်ရာတွင် သီးသန့်ရန်ပုံငွေပမာဏစုစုပေါင်းသည် ဘဏ်၏ထုတ်ဝေထားသော အစုရှယ်ယာ မတည်ငွေစာရင်းပမာဏနှင့် ညီမျှသည့်တိုင်အောင် ထည့်သွင်းရမည်။

အခန်း(၂၂)

ဖျက်သိမ်းခြင်း

ဖျက်သိမ်းခြင်း

၁၇၃။ ဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုပါက ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ အခန်း(၁၇) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် အခြားသက်ဆိုင်ရာ ဆက်နွယ် ဥပဒေများနှင့် အညီသာ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။

ပိုလျှံသည်များကို ခွဲဝေခြင်း

၁၇၄။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ၂၀၁၇ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် အစုရှယ်ယာအမျိုးအစားတို့အတွက် ပူးတွဲထားသော စည်းနှောင်မှုရှိသည့် အခွင့်အရေးများနှင့် ကန့်သတ်ထားခြင်းများကို အထောက်အထားပြု၍-

(က) ဘဏ်ကို ဖျက်သိမ်းရာတွင် ဘဏ်တွင်ပါဝင်သူအစုရှင်များအား ခွဲဝေရနိုင်သော မည်သည့် ပစ္စည်းရပိုင်ခွင့်ကိုမဆို အစုရှယ်ယာအပေါ်ပေးချေပြီးပမာဏ သို့မဟုတ် ပေးထားပြီးဟု

မှတ်ယူထားသောငွေကြေးတန်ဘိုးပမာဏကို (မစဉ်းစားဘဲ) ပိုင်ဆိုင်ထားသော အစုရှယ်ယာအရေအတွက် အချိုးအစားအလိုက် ဘဏ်တွင် ပါဝင်သူအစုရှင်များအကြား ခွဲဝေပေးရမည်။

(ခ) ဘဏ်ကိုစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်တွင်ပါဝင်သူအစုရှင်များသို့ ခွဲဝေပေးနိုင်သောပစ္စည်း သို့မဟုတ် ရပိုင်ခွင့်ကို ဆုံးဖြတ်ရာတွင် အစုရှယ်ယာအတွက် ပေးချေခြင်းမရှိသေးသော ပမာဏသည် ဘဏ်ပိုင်ပစ္စည်းသို့မဟုတ် ရပိုင်ခွင့်အဖြစ် ပြုမူသတ်မှတ်ရမည်။

(ဂ) ဘဏ်တွင်ပါဝင်သူ အစုရှင်များသို့ ခွဲဝေရနိုင်သောပစ္စည်းနှင့် ရပိုင်ခွင့်ပမာဏကို ခွဲဝေပေးရာတွင် အစုရှယ်ယာအတွက် တစ်စိတ်တစ်ပိုင်းသာပေးချေထားသည့်ဘဏ်တွင်ပါဝင်သူအစုရှင်ထံခွဲဝေပေးသည့်နေ့ရက်တွင် ထိုအစုရှယ်ယာအတွက် မပေးချေရသေးသော ပမာဏကို နုတ်ပယ်ရမည်။

(ဃ) အပိုဒ်-၁၉၇(ဂ)အရ နှုတ်ပယ်ခြင်းသည် တစ်စိတ်တစ်ပိုင်းသာပေးရသေးသည့် အစုရှယ်ယာ၏ အစုရှယ်ယာရှင်သို့ခွဲဝေပေးရာတွင် မပေးချေရသေးသော ပမာဏကို နုတ်ပယ်ပြီး လက်ကျန်ပေးချေရန်ရှိသည့် ပမာဏကို ထိုအစုရှယ်ယာရှင်သည် ဘဏ်သို့ပေးချေရမည်။

အခန်း(၂၃)

ထိန်းသိမ်းထားရှိရမည့်အစည်းအဝေးမှတ်တမ်းနှင့်မှတ်ပုံတင်စာရင်းများ

အစည်းအဝေးမှတ်တမ်း

၁၇၅။ ဘဏ်သည် ယင်း၏အစည်းအဝေးမှတ်တမ်းစာအုပ်တွင် အောက်ပါတို့ကို ဖြည့်သွင်းရမည်-

(က) သက်ဆိုင်သည့်အစည်းအဝေးကျင်းပပြီး ၂၁ရက်အတွင်း အောက်ဖော်ပြပါ အသေးစိပ်အချက်များပါဝင်သော အစည်းအဝေးမှတ်တမ်း-

(၁) ဘုတ်အဖွဲ့၏အစည်းအဝေးနှင့် ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးတို့တွင် အစည်းအဝေးတက်ရောက်သည့် ဒါရိုက်တာများ၏ အမည်များ။

(၂) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း(၁၆) အရ မည်သည့်ဒါရိုက်တာကမဆို ပြုလုပ်သည့် ကြေညာချက်အားလုံးနှင့် ပေးပို့သည့် အကြောင်းကြားစာများ။

(၃) အထွေအထွေအစည်းအဝေးများ၊ ဘုတ်အဖွဲ့၏အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးများ၏ဆုံးဖြတ်ချက်အားလုံး၊

(ခ) အစည်းအဝေး ကျင်းပခြင်းမရှိဘဲ လှည့်လည်စာဖြင့် ဘုတ်အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်များ။

အစည်းအဝေးမှတ်တမ်းများတွင် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးရခြင်း

၁၇၆။ အထွေထွေအစည်းအဝေးများ၊ ဘုတ်အဖွဲ့၏အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးများ၏ အစည်းအဝေးမှတ်တမ်းများတွင် အစည်းအဝေးဥက္ကဋ္ဌ သို့မဟုတ် နောက်တစ်ကြိမ် ကျင်းပသည့် အစည်းအဝေး၏ဥက္ကဋ္ဌ သို့မဟုတ် အခြားအခွင့် အာဏာရှိဒါရိုက်တာတို့က အစည်းအဝေးပြီးနောက် သင့်တော်သောအချိန်တွင် လက်မှတ်ရေးထိုးရမည်။ ထိုသို့လက်မှတ်ရေးထိုးခြင်းသည် အစည်းအဝေး မှတ်တမ်းတွင် ဖော်ပြသော အကြောင်းအရာများ အမှန်တကယ် ဆောင်ရွက်ခဲ့ကြောင်း သက်သေထင်ရှားစေသည်။

မှတ်ပုံတင်စာရင်းများ

